# ကြေးမုံ
## The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-7-2008) (၅၇၄၈)


# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ် သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
## အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပညာရည်ထူးချွန်ဆုပေးပွဲအခမ်းအနား၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားနှင့် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၂

**၂၀၀၇-၂၀၀၈ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ တရားရုံးချုပ်(အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသူများနှင့် မိဘများ၊ ပညာရေးအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ အခမ်းအနားကို အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာရည်ထူးချွန် လူရည်မွန်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆွေက တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးအလှူရှင်များဖြစ်ကြသည့် ဦးတင်မောင်၊ ဒေါ်နန်းလှစိန် (ဂရိတ်ဝေါမိသားစု)၏ အလှူငွေကျပ်သိန်း ၄၀ ကို အလှူရှင်များကိုယ်စား တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမျိုးက တိုင်းမှူးထံသို့ ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက အောင်ချက်အကောင်းဆုံး မြို့နယ်များကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## ယနေ့ ဆောင်းပါးအညွှန်း

*"မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားခြင်း မရှိသလို ဘယ်သူ့ကိုမှလည်း နိုင်ငံရေးပြစ်မှုနဲ့ အရေး ယူတာ မရှိပါဘူး။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီးလည်း မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ ထားတာ မရှိပါဘူး။"*

*နိုင်မြင့်(တောင်သာ)၏ "နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံ ဥပဒေပြဋ္ဌာန်းချက်များ(၂)"*

(ဆောင်းပါး) စာမျက်နှာ-၇၉

# ဒီအင်အေမျိုးဗီဇပျက်စီးမှုကို ပြုပြင်နိုင်သော ပရိုတိန်းရှာဖွေတွေ့ရှိ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည့် တွေ့ရှိချက်တစ်ရပ်ဖြစ်

**ဝါရှင်တန် ဇူလိုင် ၂၂**

ဒီအင်အေမျိုးဗီဇပျက်စီးမှုကို အကာအကွယ်ပေးနိုင်မည့် ပရိုတိန်းဓာတ်တစ်မျိုးကို တက္ကဆက်တက္ကသိုလ်မှ သုတေသီများက ရှာဖွေတွေ့ရှိကြောင်း ဇူလိုင် ၂၁ ရက်က ထွက်ပေါ်လာသည့် အင်တာနက် အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အမျိုးသားသိပ္ပံအကယ်ဒမီတွင် တင်ပြသောစာတမ်း၌ ထိုတွေ့ရှိချက်များကို တင်ပြထားသည်။ ထိုပရိုတိန်းဓာတ်သည် ခန္ဓာကိုယ်အတွင်းပျက်စီးနေသော ဒီအင်အေမျိုးဗီဇများကို ရှာဖွေခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် မူလအနေအထားသို့ပြန်လည်ရောက်ရှိအောင် ဖန်တီးခြင်း စသည့် အဆင့်ဆင့်ပြုပြင်မှုများကို ပြုလုပ်ပေးနိုင်သည်ဟုဆိုသည်။

လူ့ခန္ဓာကိုယ်အတွင်းဖြစ်ပေါ်လာသော မျိုးထွန်းလာသည့်ဆဲလ်များသည် ကင်ဆာရောဂါနှင့် အခြားသောရောဂါများကို ဖြစ်ပွားစေသည့် အခြေအနေများဖြစ်သည်။ မျိုးထွန်းလာသောဆဲလ်များကို ပြန်လည်ပြုပြင်ပေးနိုင်သော ပရိုတိန်းသည် ကင်ဆာရောဂါကို ကုသရာ၌ အရေးပါသည့်တွေ့ရှိချက်တစ်ရပ်ဖြစ်နိုင်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အတည်ပြုဖောင် ၃း၀၀

ကြေးမုံ The Mirror
၂၃-၇-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

# ပြောင်းသီးနှံ တိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်း

ပြောင်းသီးနှံသည်ပြည်တွင်း၊ပြည်ပဈေးကွက်၌ဝယ်လိုအားကောင်းသော သီးနှံတစ်မျိုးဖြစ်သည်။ ပြောင်းကို အချိုရည်လုပ်ငန်း၊ သကြားချက်သည့်လုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်သည့်လုပ်ငန်း၊ ပြောင်းဆီထုတ်လုပ်သည့် လုပ်ငန်းတို့တွင် အသုံးပြုနေကြရာ ကမ္ဘာ့ဈေးကွက်၌ ဝယ်လိုအား နှစ်စဉ်မြင့်တက်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြောင်းကို စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းအတွင်းရှိ တောင်တွင်းကြီး၊ အောင်လံ၊ ပြည်၊ ကိုးပင်ဒေသတို့တွင် အများအပြားစိုက်ပျိုးသကဲ့သို့ ပခုက္ကူခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)တို့တွင်လည်း ပြောင်းစိုက်ပျိုးမှု များပြားကြောင်းသိရသည်။

မိုးရာသီတွင် ပြောင်းစိုက်ပျိုးမှုအများဆုံးတွေ့ရသည်။ မေလနှင့် ဇွန်လတွင် စတင်စိုက်ပျိုးကြကာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ပြောင်းဖူးများထွက်ရှိလာသည်။ ဆောင်းပြောင်းဖူးများကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့်မတ်လတို့သည် ပြောင်းပေါ်ချိန်ဖြစ်သည်။

မြန်မာနိုင်ငံမှထွက်သည့် ပြောင်းများကို ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့မှ တစ်ဆင့် တင်ပို့လျက် ရှိသည်။ ပြောင်းတန်ချိန် နှစ်သိန်းကျော်နှစ်စဉ်တင်ပို့လျက်ရှိပြီး ယခုနှစ် ဇွန်လအထိ တန်ချိန် ခုနစ်သောင်းကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ စပါး၊ ပြောင်း၊ ဆီထွက်သီးနှံများအပါအဝင် သီးထပ်၊သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ ပြောင်းတင်ပို့မှုပမာဏ နှစ်စဉ်မြင့်တက်လာလျက်ရှိရာ အိမ်နီးချင်း နိုင်ငံများသို့သာမက အာရှ ပြောင်းဈေးကွက်အထိ ထိုးဖောက်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများက မိမိတို့ဒေသ၏ ရေမြေနှင့်ကိုက်ညီဖြစ်ထွန်းသည့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ရိတ်သိမ်း ခြွေလှေ့မှု နည်းစနစ်ပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ဖြင့် ပြည်ပဈေးကွက်သို့ ယခုထက် တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကွမ်းခြံကုန်းမြို့နယ်ရှိ ဝါဆိုသံဃာတော်များအား ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ရောက်ရှိပြီး မြို့တွင်း၊မြို့ပြင် သန့်ရှင်း သပ်ရပ်သာယာလှပရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် တော်ကူး အနောက်ကျေးရွာအုပ်စုရှိ မစိုးရိမ်ကျောင်းတိုက်သို့ သွားရောက်၍ ကျေးရွာအုပ်စုအတွင်းရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လယ်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ ဝန်ကြီးသည်အဆိုပါကျောင်းအတွင်း၌ ကျင်းပသော လေဘေးသင့် ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ဆီ၊ဆား၊ပဲ၊ အဝတ်အထည်၊ ဆေးမျိုးစုံနှင့် အိမ်သုံးပစ္စည်းများ၊ အေးရှားဝေါလ်ကုမ္ပဏီကလှူဒါန်းသည့် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ တော်ကူးအနောက်ကျေးရွာအုပ်စု အနီးပတ်ဝန်းကျင်မှ ကျေးရွာပေါင်း ခြောက်ရွာတို့ရှိ လေဘေးသင့် အိမ်ထောင်စုပေါင်း ၆၇၉စုတို့အား အလှူရှင်များ၏ လှူဒါန်းမှုကို အားပေးပြီး လေဘေးသင့် ပြည်သူများအား ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ယင်းနောက်ဝန်ကြီးသည်ကန့်မလာ ကျေးရွာအုပ်စုရှိ သီရိမင်္ဂလာ ကျောင်းတိုက်သို့ သွားရောက်၍ ကန့်မလာ၊ ပီလခတ်၊ ပကောက်ကျေးရွာအုပ်စုများရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ငှက်ကြီးတောင် ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက်ဝန်ကြီးသည်ကန့်မလာ၊ ပီလခတ်၊ ပကောက် ကျေးရွာအုပ်စုများရှိ လေဘေးသင့် အိမ်ထောင်စုပေါင်း ၁၅၇၄ စုတို့အား အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အဝတ်အထည်၊ ဆေးမျိုးစုံ၊ အစားအသောက်များ၊ ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီးလေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပြန်လည် ထူထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကွမ်းခြံကုန်းမြို့နယ် တော်ကူး အနောက်ကျေးရွာအုပ်စုရှိ မစိုးရိမ်ကျောင်းတိုက် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူစဉ်။** (စွမ်းအင်)

## ဝါဆိုသင်္ကန်းအစုံ ၁၀၀ မတည်၍ စုပေါင်းလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက်ကကျင်းပရာ (ASIA EXPRESS Co. Ltd) မှ ဥက္ကဋ္ဌ ဦးမောင်မောင်(အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရဲ) - ဒါရိုက်တာဒေါ်ခင်ဝါဝါ(သုဓမ္မသိင်္ဂီ)တို့က ဝါဆိုသင်္ကန်း အစုံ၁၀၀မတည်၍ ကျောင်းဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းကြသည်။

ထို့နောက် လေမုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်နှင့် စိန်ရတုငါးထပ်ကျောင်းကြီး လှေကားပြုလုပ်ရန်အတွက် အလှူငွေများပေးအပ်ရာ ကျောင်းတော်ကြီး တည်ဆောက်ရေး နာယကဗိုလ်မှူးချုပ် မျိုးမြင့်(ငြိမ်း)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကိုပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)** ဆွမ်းပဒေသာပင်နှင့် ရေ၊ လျှပ်စစ်မီး သုံးစွဲရန်အတွက် အလှူငွေများကိုလည်း ကုမ္ပဏီက လစဉ်လှူဒါန်းမည်ဟု သိရသည်။ (က-ပ)

**သဃ်န်းကျွန်းမြို့နယ်စံပြရပ်ကွက် ဆုတောင်းပြည့်ရန်မျိုးအောင်စေတီတော်မြတ်ကြီး၌နေပူခံကျောက်ပြားခင်းရန်အတွက် နှစ်ဖက်မိဘများ ဦးထိပ်ထားပြီး ကွယ်လွန်သူ ဇနီး ဒေါ်ညိုအေး၊သားတင်အောင်ဆန်း၊ သမီးထွေးသင်းသင်းလွင်တို့အား ရည်စူး၍ငမိုးရိပ်ရပ်ကွက်(၄)လမ်း၊ နေ ဦးသောင်းစိန်ကစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း (ရော)ထံကျောက်ပြားအချပ်၁၀၀ အတွက်အလှူငွေကျပ်၁၅၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။** (၅၀၆)



# နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးကျော်သူအား နယူးယောက်မြို့ရှိ ယူနီဆက်ဖ်ရုံးမှ တာဝန်ရှိသူတွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၂**

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးမှ Director of Emergency Operations ဖြစ်သူ Mr.Louis- Georges Arsenault သည် ဇူလိုင် ၂၁ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးမှ ကိုယ်စားလှယ် မစ္စတာရာမက် အမ်ရှယက်သာလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့ရုံးမှ Director of Emergency Operations ဖြစ်သူ Mr. Louis- Georges Arsenault လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော်　ဇူလိုင်　၂၂

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၁ ရက်တွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားသည်။**

ထို့နောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဌာနများ၏အားနည်းချက်၊ အားသာချက်များကို သုံးသပ် ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက်လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကိုဆွေးနွေး တင်ပြကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထား၏ ပို့ဆောင်ရေးကဏ္ဍသည် အရေးပါသောနေရာတွင် ရှိနေခြင်းကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထားပြီး ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် မြန်မာ့မီးရထားသည် ပြည်သူအားလုံး သွားလိုသည့်နေရာကိုဈေးနှုန်းချိုသာစွာဖြင့် သယ်ဆောင်ပေးခြင်းကြောင့် ရထားစီး ခရီးသည်များ စိတ်ချမ်းမြေ့စွာ စီးနင်းသွားလာနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန် အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၏ ဇနီး ဒေါ်အေးအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ ကောဒသမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။**

(စီးပွား/ကူးသန်း)

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင်စာသင်တိုက်၌ ကျင်းပရာအရိယာမဏ္ဍိုင်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလာစာရ(ဓမ္မာစရိယ)ထံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၏ဇနီး ဒေါ်အေးအေး၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဝန်ကြီး၏ဇနီးက ဆရာတော် ဘဒ္ဒန္တသီလာစာရ(ဓမ္မာစရိယ)ထံ ဝါဆိုသင်္ကန်းကိုဆက်ကပ်လှူဒါန်းပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့်ဇနီးတို့က သဒ္ဓမ္မဝါဒီ သုံးထပ်ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ်၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အရိယာမဏ္ဍိုင်စာသင်တိုက်မှ တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာလောက(ဓမ္မာစရိယ၊ဝိနယပါဠိပါရဂူ)ထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ဓမ္မဂုဏ်ရောင်ရိပ်သာစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၂**

မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် သဃ်န်းကျွန်းကြီးအုပ်စုကာယရပ်ကွက် ၈/၉လမ်း၊ ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်အရှင်မြတ်များအား တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ရက်)ဇူလိုင်၂၅ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းအလှူရှင်များနှင့်ကျောင်းတိုက်၏ဒါယကာ၊ဒါယိကာမအပေါင်းတို့အားရေစက်ချအနုမောဒနာတရားနာယူနိုင်ရန်ဓမ္မဂုဏ်ရောင်ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

**ပုဇွန်တောင်မြို့နယ် လယ်တီစံ မဟာစည်ရိပ်သာအတွင်း ဆောက်လုပ်ဆဲနှစ်ထပ်ဘောဇနဆောင်အတွက် သမီးလေး ခင်ဂျူလိုင်ငြိမ်းချမ်း၏ တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဘွားဘွား ဒေါ်နုနုခင် (အမှုဆောင်အရာရှိ -ငြိမ်း၊ M.O.G.E)၊ ဖေဖေ ဗိုလ်ကြီး ငြိမ်းချမ်း- မေမေ ဒေါ်ခင်သန္တာလတ် (PTTEPI) တို့က ဆရာတော် ဦးပဏ္ဍိတထံ အလှူငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။**

(ဆောက်လုပ်ဆဲ နှစ်ထပ်ဘောဇနဆောင်အတွက် ကုသိုလ်ယူ လှူဒါန်းလိုသူများ လယ်တီစံ မဟာစည်ရိပ်သာ ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။)

(က-ပ)

## ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်ဇနီး ဒေါ်မိုးမိုးမြင့်တို့အား အမှူးထား၍ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် ဗဟန်း(၁)လမ်းရှိဝန်ကြီးဌာနဓမ္မာရုံ၌ကျင်းပရာ သာကေတမြို့နယ်ဟသ်ာတအတွင်းပတ္တမြား စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ဝန်ကြီး၏ ဇနီးနှင့် ဝန်ထမ်းမိသားစုများက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဝန်ကြီး၏ ဇနီး ဒေါ်မိုးမိုးမြင့်၊ဒုတိယဝန်ကြီး၏ဇနီးဒေါ်ဝေဝေသင်း၊ ရန်ကုန်တိုင်းဦးစီးဌာနမှူးနှင့် ခရိုင်မှူးများ၊ အလှူရှင်များနှင့် ဝန်ထမ်း မိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ကိုဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက်ဆရာတော်ဘဒ္ဒန္တဝိဇယက သာဓုအနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူပြီး ဝန်ထမ်းမိသားစုများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

### ဆက်ကပ်လှူဒါန်း

**အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဇူလိုင် ၁၇ရက်(ဝါဆိုလပြည့်နေ့)က ကျင်းပရာ အောင်မြေရွှေဂူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယအား အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ(ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

## ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ပထမအဆင့် အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကိုယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နေပြည်တော်အားကစားပြိုင်ကွင်းနှင့် နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပကြသည်။**

**ကြည့်ရှုအားပေး**

နေပြည်တော်ပျဉ်းမနားပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီတွင် (ယ)အုပ်စုမှ အားကစားဝန်ကြီးဌာန အသင်းနှင့် သမဝါယမဝန်ကြီးဌာန အသင်းတို့သည် နေပြည်တော် အားကစားပြိုင်ကွင်း၌ လည်းကောင်း၊ (ယ)အုပ်စုမှ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းတို့သည် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ လည်းကောင်း ဆက်လက် ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

## ဇီဝမြေသြဇာ၏ အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များဆိုင်ရာ နည်းပညာ ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

"စိုက်ပျိုးရေးကဏ္ဍ၌ ဇီဝမြေသြဇာ၏အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များ" ဆိုင်ရာ နည်းပညာဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်တွင် UMFCCI အသင်းခန်းမ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ UMFCCI ဦးဆောင်မှုနှင့် Supreme Group of Companies တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး နာယကအဖြစ် ဦးတင်ထွန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန)က ဦးဆောင်၍ သဘာပတိအဖြစ် ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်)၊ ဒေါက်တာကြည်မြင့် [(မန်နေဂျာ)မြေအသုံးချရေးဌာနခွဲ(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)]၊ ဒေါက်တာစိန်မြင့်(ဥက္ကဋ္ဌ၊ စူပရင်းကုမ္ပဏီများအုပ်စု)၊ ဒေါက်တာမျိုးအောင်ကျော် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)၊ ဦးစိုးမြင့်(အကြံပေးပုဂ္ဂိုလ်၊ စူပရင်းကုမ္ပဏီများအုပ်စု)၊ ဒေါက်တာမြမောင် [ညွှန်ချုပ်(ငြိမ်း) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန(ကိုယ်စား)]တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ရာ တက်ရောက်လိုပါက ရုံးအဖွဲ့ စူပရင်းကုမ္ပဏီများအုပ်စု ဖုန်း-၆၈၅၂၃၇၊ ၆၈၉၃၇၆ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ဝိုင်အမ်ဘီအေအသင်း မင်္ဂလာဆုနှင်းသဘင်

**ရန်ကုန် ဇူလိုင် ၂၂**

(၁၀၂)နှစ် သက်တမ်းရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA)၏ (၅၉)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ရှိ အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

## ကရင်ပြည်နယ် ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေနောင်က ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။(ပြည်နယ် ပြန်/ဆက်)

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လူမှုရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၂၆ ရက်(စနေနေ့) နံနက် ၉ နာရီခွဲတွင် လှိုင်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းအဆောက်အအုံတတိယထပ်(FunctionHall)၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ ကုသိုလ်ပါဝင် လှူဒါန်းလိုသူများအနေဖြင့် အသင်းရုံးခန်းသို့ ပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း - ၅၁၉၆၇၃-၆သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရေငန်ဝင်ရောက်ခဲ့သော ကျေးရွာများတွင် ရေကန်သန့်ရှင်းရေးများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၂**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရေငန်ဝင်ရောက်ခဲ့သော လေဘေးသင့် ကျေးရွာများတွင် ရေငန်စုပ်ထုတ်ရေးနှင့် ရေကန်သန့်ရှင်းရေးအတွက် မြို့နယ်ရေငန်စုပ်ထုတ်ရေးအဖွဲ့ နှစ်ဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့(၁)သည် ယနေ့အထိ ကြက်လျှာ၊ ကျွန်းချောင်းနှင့် မဘေကျေးရွာအုပ်စုများရှိ သောက်သုံး ရေကန် ၁၁ ကန်နှင့် အဖွဲ့(၂)သည် နတ်မှူး၊ မြတ်သာရွာဝနှင့် ရှောက်ချောင်း ကျေးရွာအုပ်စုများရှိ သောက်သုံး ရေကန် ၁၄ ကန် တို့အတွင်းရှိ ရေငန်များ စုပ်ထုတ်ပေးနိုင်ပြီး ရေကန် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည့်အပြင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေကန် လုံခြုံရေးများကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နေလ ပန်းချီပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း၌ ဝါရင့်ရေဆေး ပန်းချီဆရာကြီး ဦးတင်အောင်ထိုက်နှင့်အတူ တင့်နိုင်၊ ငွေးမြင့်၊ ထွန်းဝင်း (မာလကာသီး)တို့၏ Sun Moon အမည်ရှိ အနုအလှ ရသသဘာဝ ပန်းချီကားများကို အနုပညာချစ်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက် ဇူလိုင်၂၅ ရက်မှ ဩဂုတ် ၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "မင်္ဂလာရင်မှာထားရင်ဖြင့်"တရားတော် [အရှင်ဂုဏိန္ဒ(ဆင်ဖြူတောင်ဆရာတော်)] |
| ၈း၁၀ - ၂း၁၀ | INDUSTRIAL TALK [ဦးငွေသိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၈း၄၀ - ၂း၄၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၉း၀၅ - ၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ - ၃း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ - ၃း၂၀ | စေတနာအရင်းခံ မြန်မာ့တစ်သျှူးဘဏ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | မဟူရာပွင့်တို့ရဲ့ Landscaping |
| ၁၀း၀၅ - ၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ - ၄း၁၀ | အေးမြသောလေညင်းလေးများ (မေတ္တာ၊စိုးမိုးကြည်၊ဇေယျာ၊ဇူဇူးမောင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၁၀း၂၅ - ၄း၂၅ | လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ကြက်သားနှင့် ဘူးသီးကာလသားဟင်း) |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | Midweek Sports News |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော် |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | Movie Mistakes (TROY) |
| ၁၂း၀၅ - ၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ - ၆း၀၅ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်) |
| ၁၂း၃၅ - ၆း၃၅ | Myanmar Video Rhythm |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင် တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၂၂

**သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာရန် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။**

ထို့နောက် ဘိုကလေးမြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လေဘေးသင့်ဒေသများ၌ သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ပြန်လည် ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့ရှိ မွန်မြတ်ကရုဏာရှင်များအဖွဲ့ (NVC)နှင့်တွေ့ဆုံရာအဖွဲ့မှ တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှု၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းပါဝင်ဆောင်ရွက် နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့ရှိသာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ လူနေအိမ်များ ပြန်လည်ပြုပြင် တည်ဆောက်ထားမှုများနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်း ယာယီစာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှု၊ လူနေအိမ်များပြန်လည်တည်ဆောက်ပြုပြင်ထားမှု၊ နိုင်ငံတော်က ဦးဆောင်စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များ၌မိသားစုအလိုက် စနစ်တကျနေထိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး လေဘေးသင့်မိသားစုများအတွက် နိုင်ငံတော်အစိုးရက စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များကို စနစ်တကျ အကွက်ချတည်ဆောက်ပေးထားသည့် ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်၌ မိသားစုအလိုက် သန့်ရှင်းသပ်ရပ်စွာ နေထိုင်နေမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရက ပံ့ပိုးပေးအပ်ထားသော ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေများနှင့် စနစ်တကျ အကွက်ချ တည်ဆောက်ပေးထားသော လူနေအိမ်များ၌ မိသားစုအလိုက် နေထိုင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ကျုံဒါးကျေးရွာမှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြကာ လမ်းတစ်လျှောက်ရှိ လေဘေးသင့်မြို့၊ ရွာများ ပြန်လည် ထူထောင်တည်ဆောက်ထားမှုများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးနေမှုများနှင့် ရေလုပ်ငန်းလုပ်ကိုင်နေမှုများကို ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

**သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E Mr. John Holmesနှင့်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာသစ်၌ အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသောနေအိမ်များ၌ မိသားစုအလိုက် သန့်ရှင်းသပ်ရပ်စွာ နေထိုင်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)

## မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးဗိုလ်လုပွဲ ဘဏ္ဍာ/အခွန်က စီးပွား/ကူးသန်းကိုအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၂

**၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့သည်ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။**

**ဘဏ္ဍာ/အခွန်အသင်း - တစ်ဂိုး** (ရန်ပိုင်)
**စီးပွား/ကူးသန်းအသင်း - ဂိုးမရှိ**
**ဒိုင်လူကြီး - ဦးဝင်းချို**

ဘဏ္ဍာ/အခွန်အသင်းမှာ တိုက်စစ်မှူးရန်ပိုင်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ကွင်းပိတ်ချန်ပီယံဆုကို (၂၂)ကြိမ်မြောက်ဆွတ်ခူးရရှိသွားသည်။

အသင်းကြီးနှစ်သင်း တွေ့ဆုံသော ပွဲကြီးပွဲကောင်းဖြစ်သည်နှင့်အညီ ပရိသတ်၏အားပေးမှုမှာလည်း အထူးများပြားခဲ့သလို နှစ်သင်းစလုံးကလည်း လူစုံတက်စုံအသုံးပြုကာ အားကုန်ထုတ်ကစားသွားကြသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက်အနိုင်ဂိုးကို ပွဲချိန် မိနစ် ၅၀တွင်ရန်ပိုင်က စိုးမြတ်မင်းခေါင်းတိုက်ချပေးသည့်ဘောလုံးကိုသွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင်ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယဆုရ ကမ္ဘောဇအသင်း၊ တတိယဆုရစီးပွား/ကူးသန်းအသင်း၊ စတုတ္ထဆုရ ကာကွယ်ရေးအသင်းနှင့် ပဥ္စမဆုရ မြို့တော်စည်ပင်အသင်းတို့အား ဆုကြေးငွေများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များကချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကွင်းပိတ်ပြိုင်ပွဲဒုတိယဆုရ စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်ကပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအားတစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၃၀၊ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ်မားကိုစ်အန်တိုနီယိုဖလော်ပါ(ဘရာဇီး)က ယခုနှစ်ဘောလုံးရာသီ၏ ဒုတိယဂိုးသွင်းအများဆုံးဆုရ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား ငွေဖိနပ်နှင့် ငွေကျပ်သုံးသိန်း၊ ဂိုးသွင်းအများဆုံးဆုရ စထက်နိုင်ဝင်း (စီးပွား/ကူးသန်း)အား ရွှေဖိနပ်နှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၏ ဒုတိယအကောင်းဆုံး ဘောလုံးသမားဆုရ ရန်ပိုင် (ဘဏ္ဍာ/အခွန်)အား ငွေဘောလုံးနှင့် ငွေကျပ်သုံးသိန်း၊ အကောင်းဆုံးဘောလုံးသမားဆုရ ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)အား ရွှေဘောလုံးနှင့် ငွေကျပ် ငါးသိန်း၊ အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား **(အောက်ပုံ)** တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ်သိန်း ၅၀တို့ကိုပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွင်းပိတ်ပြိုင်ပွဲပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ်သိန်း ၃၀ ကို ပေးအပ် ချီးမြှင့်သည်။

(ကြေးမုံ)

## ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၂၂**

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇူလိုင် ၂၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

## လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၂**

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

အလှူရှင်များမှာ QED Internationl FZLLC Dubai, UAE က အမေရိကန်ဒေါ်လာ ၂၀၀၊ ကိုရီးယားသမ္မတနိုင်ငံ အလှူရှင်များက ဆိုးလ်မြို့ မြန်မာသံရုံးမှ တစ်ဆင့်အမေရိကန်ဒေါ်လာ ၁၀၉၅၉၁ ဒသမ ၆၈ နှင့် ယူရိုငွေ ၂၅၀၈ ဒသမ ၉၆ ၊GPVO "TYAZHPROMEK SPORT" Moscow, Russia ကယူရိုငွေ ၁၅၆၂၅၀တို့ ဖြစ်သည်။

ယနေ့လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာအမေရိကန်ဒေါ်လာ ၁၀၉၇၉၁ ဒသမ ၆၈ နှင့် ယူရိုငွေ ၁၅၈၇၅၈ ဒသမ ၉၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၇၅၇၀၃၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၇၇၃၄၈၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၆၁၃၁၆၀၈၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ဇူလိုင် ၂၂ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာငွေ ၁၄၈၄၅၇၂၃၅၄၅ ကျပ် ရှိပြီဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## ❐ ရှေ့ဖုံးမှ

ဆက်လက်၍ အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းအားဆုများအသီးသီးချီးမြှင့်ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးက ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် ၈၈ ဦးနှင့် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် ညနေပိုင်းတွင် ရှေးဟောင်းမြေစွန်းဝန်ဆုတောင်းပြည့်မြတ်စွာဘုရား၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းလောင်းလှူပွဲအခမ်းအနားကို တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ အခမ်းအနားသို့ မန္တလေးမြို့ ဘုရားကြီးတိုက် လယ်ပေါ်ကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကာရုည အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဂေါပကအဖွဲ့များ၊စေတနာရှင်အလှူရှင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးသည် မြေစွန်းဝန် ဆုတောင်းပြည့်မြတ်စွာဘုရားအားပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကန်တော့၍ ဆရာတော် သံဃာတော်များအား သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အဆိုပါ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည်ညိုသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လယ်ပေါ်ကျောင်း ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကာရုည အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ညနေ ၃ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အမှတ်(၁) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ မြေကွက်လပ်၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ စိန်တစ်လုံး သရက်ပင်များ စုပေါင်းစိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးသည် စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေကြသော ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒေဝဓမ္မတရားတော် အသံလွှင့် ဟောကြားမည်

**ရန်ကုန် ဇူလိုင် ၂၂**

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ ရက် (ဇူလိုင် ၂၅ ရက်) သောကြာနေ့ နံနက် ၇နာရီတွင် မြန်မာ့အသံမြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခ ဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာက "ဒေဝဓမ္မတရားတော်"ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ ဝါတွင်းကာလ အရှင်ခေမိန္ဒ၏ သီလပေးတရား ချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၂၂**

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း စစ်ကိုင်းခင်မကန်(နယ်လှည့်ဓမ္မကထိက) အရှင်ခေမိန္ဒက ကိုးပါးသီလ ချီးမြှင့်၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်ဖြစ်သည်။

ဥပုသ်နေ့တွင် သီလဆောက်တည်လိုသူ တရားနာကြားလိုသူများသည် (ဝါဆိုလပြည့်ကျော် ၈ ရက်) ၂၅-၇-၂၀၀၈ မှ သီတင်းကျွတ်လပြည့် ၁၄-၁၀-၂၀၀၈ရက်ထိ ဥပုသ်နေ့ အပတ်စဉ်တိုင်း ဆရာတော်အရှင်ခေမိန္ဒ၏ သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ နာကြားနိုင်ရန် နံနက် ၉နာရီခွဲတွင် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံသို့ ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

## ကြံခင်းမိုးကုတ်အဖွဲ့ခွဲ(၈၀) ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၂၂**

ဧရာဝတီတိုင်း ကြံခင်းမြို့ စံရာတိုက်ရေဝန်းကျောင်း ပဓာနနာယက သာသနဇ ဓမ္မာစရိယ သာသနပါလ ဓမ္မာစရိယ ဘန္ဒန္တ စိန္တိတာဘိဝံသ အမှူးထား၍ စံရာတိုက် သံဃာတော်များအား ကြံခင်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၈၀) အမှုဆောင် လူကြီးများနှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှ ဝါဆိုလပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

## ထီးချိုင့်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၂**

ထီးချိုင့်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပွဲကို (ဝါဆိုလပြည့်ကျော် ၈ရက်) ၂၅-၇-၂၀၀၈ ရက် မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်(ခြောက်ထပ်ကြီးဘုရားအနီး) ဖောင်တော်ဦးကျောင်းတိုက် ဆွမ်းစားကျောင်းအပေါ်ထပ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

## ညောင်ဦးမြို့ ဝါတွင်း တရားပွဲများ

**ရန်ကုန် ဇူလိုင် ၂၂**

ညောင်ဦးမြို့ မဟာစည် သာသနာ့ရိပ်သာ ဝါတွင်းသီတင်းစဉ်တရားပွဲနှင့် ယွန်းတန်းဓမ္မာရုံ၊ ဒါနဘဏ်ခန်းမ ဓမ္မာရုံ တရားပွဲများကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၇ရက်(အဖိတ်နေ့) ညမှစ၍ ဥပုသ်နေ့၊ ဥပုသ်အထွက်ညများ၌ အပတ်စဉ် ဝါတွင်းသုံးလတိုင်တိုင် ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ အောင်မင်္ဂလာ သာသနာ့ရိပ်သာ တညောင်၊ ဘဒ္ဒန္တ နရပတိ-ဖြူး ဆရာတော်၊ ဘဒ္ဒန္တဥတ္တရ ဓမ္မိကာရုံ သာသနာ့ရိပ်သာ သန်လျင်မြို့၊ ဘဒ္ဒန္တ သုမင်္ဂလ ခေမာဝင်းကျောင်း မြတောင်တိုက်၊ ဘဒ္ဒန္တသုဇန သဒ္ဓမ္မဂုဏ်ရည်ကျောင်း ရွှေနံ့သာစံပြ ပုလဲမြို့သစ်၊ ဘဒ္ဒန္တသုဇာတ မေတ္တာအေးသာသနာ့ရိပ်သာ သယ်န်းကျွန်း၊ ဘဒ္ဒန္တ ဝိမလ ဝါဆိုကျောင်း ကြို့ပင်ကောက်မြို့၊ ဘဒ္ဒန္တ ပညာစက္က ဆိပ်ခွန်မဟာစည်၊ ဘဒ္ဒန္တ ဝိစာရ ညောင်ကန်အေးရိပ်သာ အင်းစိန်၊ ဘဒ္ဒန္တ ခေမာဝံသ မဟာစည်သာသနာ့ရိပ်သာ ကျုံမငေးမြို့၊ ဘဒ္ဒန္တကေသဝ ချမ်းမြေ့ရတနာကျောင်း၊ ဘုံကျော်တိုက် မန္တလေးမြို့၊ ဘဒ္ဒန္တဝိမလ မဟာစည် သာသနာ့ရိပ်သာ ရန်ကုန်မြို့ ဆရာတော်များက အလှည့်ကျ ဟောကြားချီးမြှင့်တော်မူကြမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

## သူတို့ ဤသို့တီထွင်ခဲ့ကြသည်

**နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။**

| စဉ် | တီထွင်သည့်ပစ္စည်း | တီထွင်သည့်ခုနှစ် | တီထွင်သူ | နိုင်ငံသား |
|---|---|---|---|---|
| ၁ | ဗီဒီယိုဓာတ်ပြား | ၁၉၇၂ | Philips Co. | ဟော်လန် |
| ၂ | ယမ်းဘီလူး(Dynamite) | ၁၈၆၆ | Nobel | ဆွီဒင် |
| ၃ | လျှပ်စစ်ဘက်ထရီ | ၁၈၀၀ | Volta | အီတလီ |
| ၄ | လျှပ်စစ်ပန်ကာ | ၁၈၈၂ | Wheeler | အမေရိကန် |
| ၅ | အီးစီဂျီရိုက်စက်(နှလုံး) (Electrocardiograph) | ၁၉၀၃ | Einthoven | ဟော်လန် |
| ၆ | အီးအီးဂျီရိုက်စက်(ဦးခေါင်း) (Electroencephalograph) | ၁၉၂၉ | Berger | ဂျာမနီ |
| ၇ | လျှပ်စစ်သံလိုက် | ၁၈၂၄ | Sturgeon | အင်္ဂလိပ် |
| ၈ | အီလက်ထရိုရောင်စဉ်တိုင်းကိရိယာ | ၁၉၄၄ | Deutsch, Elliott, Evans | အမေရိကန် |
| ၉ | ရွှေ/ငွေ သတ္တုရည်စိမ်ခြင်း (Electroplating) | ၁၈၀၅ | Brugnatelli | အီတလီ |
| ၁၀ | ဓာတ်ဆီအင်ဂျင် | ၁၈၇၂ | Brayton,Geo | အမေရိကန် |

## အင်တာနက် ထူးထူးခြားခြားသတင်း

## ကျားသစ်က ရေထဲမှ မိကျောင်းကို ဖမ်းဆီးသတ်ဖြတ်

**ပေကျင်း ဇူလိုင် ၂၂**

တောင်အာဖရိကနိုင်ငံ ဘေးမဲ့ဥယျာဉ်တစ်ခုတွင် ကျားသစ်တစ်ကောင်က ရေထဲမှ ရေမူဆိုးမိကျောင်းတစ်ကောင်ကို လှမ်းဆွဲဖမ်းယူကာ အနိုင်သတ်နိုင်ခဲ့ကြောင်း ဆင်ဟွာအင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ထိုအဖြစ်အပျက်ကို ဘေးမဲ့တောသို့ လေ့လာရေး ရောက်ရှိနေသူများက ကြုံတောင့်ကြုံခဲ တွေ့မြင်လိုက်ရသည်။

သဘာဝ တောရိုင်းတိရစ္ဆာန်များအား ဓာတ်ပုံရိုက်ကူးသူ အမေရိကန် ဓာတ်ပုံဆရာ ဟောလ်ဘရင်လေက ကဂူဂျာ အမျိုးသားဥယျာဉ်တွင် ရေအိုင်တစ်ခုအတွင်းမှ ရေမြင်းတစ်ကောင်ကို ၎င်း၏ ကားပေါ်မှ ရိုက်ကူးနေစဉ်တွင် ထိုအံ့သြဖွယ်ရာမြင်ကွင်းကို လျှပ်တစ်ပြက် မှတ်တမ်းတင် ရိုက်ယူနိုင်ခဲ့သည်။

"ဒီအဖြစ်အပျက်ဟာ ငါးမိနစ်လောက်ပဲကြာပါတယ်။ ပြီးတော့ ကျားသစ်က ထွက်သွားတယ်ဗျာ၊ ကျွန်တော့်တစ်သက် တစ်ခါမျှမမြင်ဖူးတဲ့ အံ့သြစရာအကောင်းဆုံးဖြစ်ရပ်ပါပဲ။ ကျွန်တော် တောင်အာဖရိက ကတောခေါင်းတွေကို မေးကြည့်ပါတယ်၊ ခင်ဗျားတို့ ဒီလိုဟာမျိုးကို ကြားဖူးကြသလားလို့ပေါ့၊ သူတို့က လုံးဝမကြားဖူးဘူးတဲ့"ဟု ဓာတ်ပုံဆရာက ပြန်လည်ပြောပြခဲ့သည်။ ၎င်းရိုက်ကူးသောပုံများကို ပြသရာတွင် ကျားသစ်က ရှတ်တရက် ပေါ်လာပြီး မိကျောင်းကို ကိုက်ချီခဲ့သည်။ မိကျောင်းက ကြောက်လန့်စွာ ပြန်လည်တိုက်ခိုက်သော်လည်း အရှုံးပေးခဲ့ရသည်။

*အင်တာနက်။*

**ကုန်းပေါ်မှ ကျားသစ်က ရေပြင်မှ မိကျောင်းကို ခုန်အုပ်ကိုက်ချီနေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၀ ၆။ **"ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ" (ကျော်ဇေယျ၊ မေသန်းနု၊ ပန်းဖြူ) [ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)]**
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အကပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ သီချင်းကြီးပဒေသာ
၄း၄၀ ၅။ မြန်မာစာ၊ မြန်မာစကား
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၅ ၇။ တေးဂီတအစီအစဉ်
၅း၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆း၅၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၂၀ ၁၄။ အဆိုပြိုင်ပွဲ
၇း၃၀ ၁၅။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာရုပ်ရှင် "အချစ်ကိုမွေးဖွားခြင်း" (ရန်အောင်၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်တင်ဦး)**
၂၀။ အစီအစဉ်ပြီး၏။

## ကြည့်ရှုအားပေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဇူလိုင် ၄ ရက်က ကျောင်းကုန်းမြို့နယ်၊ ဂုံမင်းကျေးရွာအုပ်စုတွင် တောင်သူများ စုပေါင်းထွန်ယက်နေမှုနှင့် ကောက်စိုက်လုံမေများ စပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကင်းမြို့နယ် အရှေ့ရန်ကင်းနေ ကိုမောင်မောင်သန့်-မဆွေဆွေသန့်တို့၏ မင်္ဂလာနှစ်ပတ်လည် အလှူအဖြစ် အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်း၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

# ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတား အဆောက်အအုံနှင့် စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေ၊ စက်ယန္တရားနှင့် စက်သုံးဆီရရှိသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မနောရမ္မပညာဒါနကျောင်း စုပေါင်းသွေးလှူ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက်အတွင်းရှိ မနောရမ္မ ပညာဒါနကျောင်း၌ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ) အား အမှူးထား၍ ကျောင်းသား၊ ကျောင်းသူ ၄၀၀ တို့ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲ မစတင်မီ ဆရာတော်က ငါးပါးသီလ ချီးမြှင့်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်က သွေးနှင့်ပတ်သက်သည်များကို ပညာပေး ဟောပြောသည်။ **(ဝဲပုံ)**

ထို့နောက် သွေးလှူရှင်များအား အာဟာရဒါနနှင့် ခတ်ဆားအဖျော်ရည်များ တိုက်ကျွေးပြီး ဓမ္မဒါန တရားစာအုပ်များ ဖြန့်ဝေလှူဒါန်းကြောင်း သိရသည်။

(က-ပ)

အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်းနေ ကွယ်လွန်သူ ဒေါ်ခင်သန်းဝင်းအားရည်စူး၍ ဦးလှဝင်း၊ သား မောင်သန်းဇော်လတ်-စောထိုက်စိုးလင်း၊ မြေး မဟံသာလင်းသန့်၊ မောင်မျိုးမင်းသန့် မိသားစုတို့က လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

## ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၂၂**

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗိုလ်ကလေးမြို့နယ်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉၈၆၅၀၄၂၄၊ ဒု-ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅၊ ဦးစိုးအောင် ဖုန်း-၅၇၀၈၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉၅၁၀၁၇၇၆၊ ဦးတင်လှ ဖုန်း-၂၂၄၈၂၄၊ အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၂၁၂၅၀၈ တို့နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လူငယ်အခြေခံအားကစား သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကကြီးမှူး၍ လူငယ်အခြေခံအားကစား သင်တန်းအမှတ်စဉ်(၁/၂၀၀၈) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း သင်တန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက အားကစားစွမ်းရည်များဖြင့် သရုပ်ပြသကြသည်။

ထို့နောက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး **(အောက်ပုံ)** မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်တို့မှ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ သင်တန်းနည်းပြ ဦးထိန်ဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သင်တန်းသား ဦးတေဇာအောင်က မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆုထူးပန်အဘိဓမ္မာ ပြန့်ပွားရေးအသင်းသို့ ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၂**

မန္တလေးမြို့ ၈၄လမ်း၊ ၂၉လမ်းနှင့်လမ်း ၃၀ ကြား ရှင်ဘို့မယ်ဘုရားအတွင်းရှိ ဆုထူးပန်အဘိဓမ္မာ ပြန့်ပွားရေးအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက ဓမ္မဗိမာန်တော်၌ ကျင်းပရာ အလှူရှင် စိန်နှင့်မြမွေ့ရာ ပရိဘောဂလုပ်ငန်းပိုင်ရှင် ဦးကျော်မင်း-ဒေါ်ခင်ပြုံးယဉ်(ခ)မငယ်၊ သား ဒေါက်တာမင်းထက်၊ မောင်ကျော်ဇင်မင်းသူ (Final Part 1)၊ သမီး မကေသရီကျော် (Final Part 1)၊ မြေး-လင်းအိမ်သစ် (စိန်နှင့်မြမိသားစု) က ငွေကျပ် ၂၅၀၀၀၀ ကို လှူဒါန်းရာ ဆုထူးပန် အဘိဓမ္မာအသင်းဥက္ကဋ္ဌ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာလွင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)

ဒေါ်ကြူကြူအား ရည်စူး၍ အင်းစိန်မြို့နယ် လေဆိပ်ရိပ်သာလမ်း၊ လမ်းသွယ်(၁)နေ ဦးညီညီရှိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က-ပ)

# နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ(၂)

နိုင်မြင့်(တောင်သာ)

**(ယမန်နေ့မှအဆက်)**

**မနီလာ**။ "ပုဒ်မ ၇ အကြောင်းဆက်ရှင်းပြပါဦး ဖေဖေ။"

**ဦးမြင့်**။ "ပုဒ်မ ၇ အရ သောက်သုံးရေကို အဆိပ်ခတ်လျှင် ဒါမှမဟုတ် အဆိပ်ဖြစ်စေတတ်တဲ့ အမှုပြုလျှင်၊ ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးများကပိုင်တဲ့ ဒါမှမဟုတ် အဲဒီအစည်းအရုံးများကို ပေးအပ်ဖို့ ရည်ရွယ်ထားတဲ့ ကိရိယာတန်ဆာပလာကိုဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ အနှောင့်အယှက်ပေးလျှင်၊ ဖျက်ဆီးလျှင် ဒါမှမဟုတ် အခွင့်မရဘဲ တခြားနေရာကို ရွှေ့ပြောင်းလျှင် ဒီလူကို ထောင်ဒဏ် ၇ နှစ်အထိဖြစ်ဖြစ်၊ ငွေဒဏ်ဖြစ်ဖြစ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ပုဒ်မ ၈ ကတော့ ဒီဥပဒေနဲ့ အရင်ကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဟောင်းဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ အရေးပေါ်စီမံမှုတစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်။ ကဲ၊ ဒီလောက်ဆို နိုင်ငံရေးပုဒ်မတွေပါတယ်လို့ ပြောဆိုနေတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို အသေးစိတ် သမီး လေ့လာပြီးသွားပြီ၊ ဘယ်မှာ နိုင်ငံရေးပုဒ်မ ပါလို့လဲ။ နိုင်ငံရေး ပြစ်မှုဆိုတာနဲ့ရော၊ နိုင်ငံရေးအကျဉ်းသားဆိုတာနဲ့ပါ ဘာမှ မဆိုင်ဘူးဆိုတာ သိလောက်ပါပြီ။"

**မနီလာ**။ "ဟုတ်ပါရဲ့ဖေဖေ။ ဒီဥပဒေတစ်ခုလုံးက ပြဋ္ဌာန်းချက်အားလုံးကို လေ့လာကြည့်လိုက်တော့လည်း ဘယ်မှာမှ နိုင်ငံရေး ပြစ်မှုနဲ့ရော နိုင်ငံရေးအကျဉ်းသားနဲ့ရောဆိုင်တဲ့ ပြဋ္ဌာန်းချက် တစ်ခုတောင်မပါဘူးနော်။ အများပြည်သူရဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးစတဲ့ ပြည်သူ့ရေးရာကိစ္စတွေနဲ့ ပတ်သက်တဲ့အချက်တွေ ပါတာတွေ့ရတယ်။ နောက်ပြီး အကြမ်းဖက်မှုတွေလဲ တွေ့ရတယ်၊ ဒါဆိုရင် ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေကို အရေးယူတဲ့ဥပဒေ မဟုတ်ဘူးပေါ့ဖေဖေ။"

**ဦးမြင့်**။ "ဒါပဲပေါ့သမီး၊ ခုဆို သမီးရှင်းသွားပြီ။ ဒီဥပဒေဟာ အများပြည်သူလုံခြုံရေး၊ အုပ်ချုပ်ရေးနဲ့ သက်ဆိုင်တဲ့ ဥပဒေဖြစ်တယ်ဆိုတာ သိသွားပြီပဲ။ ဥပဒေတစ်ခုကို လေ့လာရာမှာ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်စာသားတွေကိုသာမက ဥပဒေရဲ့ ရည်ရွယ်ချက် အနှစ်သာရကိုပါ သိအောင် လေ့လာဖို့လိုတယ်။"

**မနီလာ**။ "တချို့ကတော့ ရာဇသတ်ကြီးလို့ခေါ်တဲ့ ပြစ်မှုဆိုင်ရာ ဥပဒေမှာနိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တချို့ ရှိတယ်လို့ ပြောကြတယ်။ သမီးလေ့လာကြည့်တော့လဲ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၂၉ နဲ့ ပုဒ်မ ၁၃၀ တွေမှာ နိုင်ငံရေးအကျဉ်းသားနဲ့ ပတ်သက်ပြီး ပြဋ္ဌာန်းချက်တချို့တွေ့ရတယ်ဖေဖေ။ ဒီလိုဆိုရင် မြန်မာနိုင်ငံဥပဒေ တစ်ခုဖြစ်တဲ့ရာဇသတ်ကြီးမှာ နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်ပါနေပြီပေါ့နော်။"

**ဦးမြင့်**။ "ဒီမေးခွန်းကိုမဖြေခင် သမီးကို တန်ပြန်မေးခွန်း ဖေဖေမေးချင်တယ်။ကဲ-သမီးက ရာဇသတ်ကြီးကို ဘယ်ဘာသာနဲ့ ရေးထားတဲ့စာအုပ်ကို လေ့လာသလဲ ပြောပါဦး။"

ဦးမြင့်က ဒီခေတ်လူငယ်တွေရဲ့ အကြောင်းကိုသိနေသည်။ ဥပဒေကို ဝါသနာပါလို့ လူငယ်တွေလေ့လာကြသော်လည်း အင်္ဂလိပ်ဘာသာဖြင့် စတင်ပြဋ္ဌာန်းခဲ့ကြသည့် ဥပဒေများတွင် ဥပဒေ၏ မူရင်းပြဋ္ဌာန်းချက်ဖြစ်သည့် အင်္ဂလိပ်ဘာသာစာမူကို လေ့လာမှုနည်းပါးပြီး မြန်မာဘာသာပြန် စာမူများကိုသာ လူငယ်များလေ့လာလေ့ရှိသည်ကို ဦးမြင့်သိနေသည်။ ဒါကြောင့်လည်းရာဇသတ်ကြီးကို မနီလာ လေ့လာသည်ဆိုရာမှာ ဒီဥပဒေရဲ့ မူရင်းစာမူဖြစ်သည့် အင်္ဂလိပ်စာမူကို လေ့လာသည် သို့မဟုတ် မြန်မာဘာသာပြန်စာမူကို လေ့လာသည်ကို သိလို၍ မေးလိုက်ခြင်း ဖြစ်သည်။

**မနီလာ**။ "ရာဇသတ်ကြီး မြန်မာဘာသာပြန်စာအုပ်ကို လေ့လာတာပေါ့ဖေဖေ။ ဘာဖြစ်လို့လဲဟင်"

**ဦးမြင့်**။ "ဘာမှမဖြစ်ပါဘူး သမီး။ ဒါကြောင့်လည်း အမှတ်မှားနေကြတာပေါ့။တကယ်တော့**"ရာဇသတ်ကြီး"** ဒါမှမဟုတ် **"ပြစ်မှုဆိုင်ရာဥပဒေ"**လို့ခေါ်တဲ့"The Penal Code" မူရင်းကို အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တာပါ။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၈၆၀ ပြည့်နှစ် အိန္ဒိယနိုင်ငံဥပဒေအမှတ် ၄၅ အဖြစ် ပြဋ္ဌာန်းခဲ့တာပါ။၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အခါမှာ **"၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် (ဥပဒေများ ဆက်ခံကျင့်သုံးခြင်း) အမိန့်"** ဆက်ခံကျင့်သုံးခဲ့တာပါ။ ဒီလိုဆက်လက်ကျင့်သုံးခဲ့ရာမှာလည်း ဒီဥပဒေရဲ့ တချို့ပုဒ်မတွေ၊ ပြဋ္ဌာန်းချက်တွေကို ဆက်မယူဘဲချန်ပစ်ခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်အခြေအနေနဲ့ ဆီလျော်သလောက်ကိုသာယူခဲ့တာပါ။ ဒီဥပဒေကို မူရင်းအင်္ဂလိပ် ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တာကြောင့် ဒီဥပဒေကို လေ့လာတဲ့အခါမှာ မူရင်း ကို လေ့လာဖို့လိုအပ်ပါတယ်။ ဘာသာပြန်ဆိုတာက အဖွဲ့အစည်းတစ်ခုက ဘာသာပြန်တာပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဘာသာပြန်တာပဲ ဖြစ်ဖြစ်၊ ဘာသာပြန်ဆိုတာ ဘယ်လောက်ပဲကောင်းကောင်း ဘာသာပြန်ဆိုချက်ဟာ ဘာသာပြန်ဆိုချက်ပါပဲ။ ဘယ်လိုမှ မူရင်းဖြစ်မလာပါဘူး။ လူငယ်အများ အမှတ်မှားနေကြတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၂၉နဲ့ ပုဒ်မ ၁၃၀ တွေမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက်ပါနေတယ်ဆိုတာဟာ ဒီဘာသာပြန် ချို့ယွင်းချက်သာ ဖြစ်ပါတယ်။ ကဲ မူရင်းဥပဒေဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ပြဋ္ဌာန်းချက်နဲ့ မြန်မာဘာသာပြန်ဆိုချက်တွေကို နှိုင်းယှဉ်ကြည့်ရအောင်။"

အင်္ဂလိပ်ဘာသာမူရင်းပြဋ္ဌာန်းချက်မှာ-

**Public Servant voluntarily allowing prisoner of State or war to escape.**

128.Whoever,being a public servant and having the custody of any State prisoner or prisoner of war, voluntarily allows such prisoner to escape from any place in which such prisoner is confined,shall be punished with transportation for life,or imprisonment of either description for a term which may extend to ten years,and shall also be liable to fine.

ရာဇသတ်ကြီး စာအုပ်မှာပါတဲ့ မြန်မာဘာသာပြန်ဆိုချက်ကတော့-

**နိုင်ငံရေးအကျဉ်းသားကို၊ သို့တည်းမဟုတ် စစ်သုံ့ပန်းကို ပြည်သူ့ဝန်ထမ်းက မိမိအလိုအလျောက် လွတ်ပြေးစေခြင်း။**

၁၂၈။ မည်သူမဆို၊ ပြည်သူ့ဝန်ထမ်းဖြစ်သည့်အလျောက် နိုင်ငံရေး အကျဉ်းသားကိုဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ၊ ထိန်းသိမ်းထားရသည်တွင်၊ ထိုအကျဉ်းသားကို၊ သို့တည်းမဟုတ် ထိုစစ်သုံ့ပန်းကို အကျဉ်းထားရာနေရာမှ လွတ်ပြေးစေရန် မိမိအလိုအလျောက် ခွင့်ပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဒီမူရင်း အင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်နဲ့ မြန်မာဘာသာ ပြန်ဆိုချက်တို့မှာ"State prisoner"ဆိုတဲ့ စကားရပ်ကို "နိုင်ငံရေးအကျဉ်းသား" လို့ မှားယွင်းဘာသာပြန်ဆိုခဲ့မိရာကစပြီး ရာဇသတ်ကြီးမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက်ပါတယ်လို့ လွဲမှားမှတ်သားမိသွားကြတာဖြစ်ပါတယ်။ တကယ်တော့ "State prisoner"ဆိုတာ မြန်မာလို "နိုင်ငံတော်၏အကျဉ်းသား" သို့မဟုတ် "နိုင်ငံတော်အကျဉ်းသား"ပဲဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားလို့ဆိုလိုချင်ရင်"Political prisoner"လို့သာ ပြဋ္ဌာန်းရမှာပေါ့။ သာဓကတစ်ခုအနေနဲ့ပြောရရင် တောင်စွန်းအကျဉ်းဦးစီးတပ်ဖွဲ့၊ ရန်ပုံငွေအဖွဲ့က ဖြန့်ချိခဲ့တဲ့ "မြန်မာနိုင်ငံတော်အကျဉ်းထောင်လက်စွဲ၊ မြန်မာဘာသာပြန်၊ အပိုင်း(၁)" စာအုပ်မှာ "State prisoner"ကို နိုင်ငံရေးအကျဉ်းသားလို့ မပြန်ဆိုပါဘူး။ နိုင်ငံတော်အကျဉ်းသားလို့ပဲ ပြန်ဆိုခဲ့ပါတယ်။ တကယ်တော့ ရာဇသတ်ကြီးကို မြန်မာဘာသာပြန်ဆိုခဲ့တဲ့ မြန်မာဘာသာပြန်ဥပဒေကော်မတီကိုလည်း အပြစ်ဆိုလို့ မရပါဘူး။ ဒီရာဇသတ်ကြီး မြန်မာဘာသာပြန်ဆိုချက်စာအုပ်အမှာစာမှာ ဖော်ပြရာမှာ **"ဤသို့ ဥပဒေများကို မြန်မာဘာသာပြန်ဆိုခဲ့သည့်ကိစ္စ၌ ကော်မတီသည် မည်မျှ ပင် အစွမ်းကုန်ကြိုးစား ဆောင်ရွက် ဖန်တီးစေကာမူ လုံးဝ အဆင်ပြေမှုကို ရရှိလိမ့်မည်ဟု ကော်မတီက မယူဆပါ။ မည်သို့ပင်ဖြစ်စေကာမူ ဥပဒေများကို ဘာသာပြန်ဆိုခြင်း၊ ပြဋ္ဌာန်းခြင်းတစ်ခုခုကို ကနဦးတွင် မည်သို့ပင် ကျနသေချာစွာ ပြုလုပ်ထားသော်လည်း နောက်နောင်တွင် ထပ်မံပြင်ဆင်ရမြဲဖြစ်သည်ကို ဥပဒေလေ့လာလိုက်စားသူတိုင်း သိနားလည်ပြီးဖြစ်သောကြောင့် ရာဇသတ်ကြီး မြန်မာဘာသာပြန်ဆိုချက်ကိုလည်း ဤသို့ပင် သိနားလည်ကြလိမ့်မည်ဟု ကော်မတီက မျှော်လင့်ပါကြောင်း"** ဆိုပြီး ထည့်သွင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် "State prisoner" ဆိုတဲ့ စကားရပ်ကို **"နိုင်ငံရေးအကျဉ်းသား"**လို့ မြန်မာဘာသာပြန်ဆိုတာမမှန်သလို မူရင်းအင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်များကို မလေ့လာတာဟာလည်း မှားယွင်းတယ်လို့ ဆိုရပါမယ်။

မြန်မာနိုင်ငံရာဇသတ်ကြီးဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အချိန်မှာ အိန္ဒိယနိုင်ငံရာဇသတ်ကြီး (The Indian Penal Code) ကို ဆက်ခံကျင့်သုံးခဲ့တာမို့ အိန္ဒိယနိုင်ငံရာဇသတ်ကြီး ပုဒ်မ ၁၂၈၊ ၁၂၉နဲ့ ၁၃၀တို့မှာပါတဲ့ နိုင်ငံတော် အကျဉ်းသား (State prisoner)ရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လေ့လာကြည့်လိုက်ပါ။ **နိုင်ငံတော်အကျဉ်းသား (State prisoner) ဆိုတာ "နိုင်ငံတော်အကျဉ်းသားများ ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State prisoners) ပါ ပြဋ္ဌာန်းချက်များအရ အိန္ဒိယနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရများအကြား တည်ရှိသည့် မဟာမိတ်ဖြစ်မှု တည်တံ့ခိုင်မာစေရေး၊ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်ရေး၊ အိန္ဒိယနိုင်ငံအား ပြည်ပ ရန်ပြုခြင်းမှလုံခြုံစေရေးတို့အပြင် ပြည်တွင်းနှောင့်ယှက်မှုများ ပါဝင်သည့် နိုင်ငံတော်ရေးရာအကြောင်းများကြောင့်ဖမ်းဆီးထားခြင်းခံရသူများဖြစ်တယ်။ ဒါကြောင့် နိုင်ငံခြားသားများကိုသာမက အိန္ဒိယနိုင်ငံသားများကိုလည်း အထက်ပါ စည်းမျဉ်းဥပဒေများအရ ဖမ်းဆီးအရေးယူနိုင်ပါတယ်။ ဒီလိုဖမ်းဆီးချုပ်နှောင်ခံရသူအားလုံးဟာ နိုင်ငံတော်အကျဉ်းသား (State prisoner)များဖြစ်ကြပြီး သူတို့တွေကို ဘယ်ခံတပ်၊ အချုပ်၊ အကျဉ်းထောင်မှာမဆို ချုပ်နှောင်ထားနိုင်တယ်"**လို့ အဓိပ္ပာယ် ဖွင့်ဆိုဖော်ပြထားပါတယ်။ ဒီအချက်တွေကိုကြည့်ရင် နိုင်ငံတော်အရေးကိစ္စများကြောင့် ဖမ်းဆီးချုပ်နှောင်တာသာဖြစ်ပြီး နိုင်ငံရေးအယူဝါဒကြောင့် မဟုတ်ဘူးဆိုတာ တွေ့ကြရပါမယ်။ State prisoner ဆိုတဲ့ စကားရပ်ကို The Law of Crimes မှာ သေချာရှင်းထားပါတယ်။ အဲဒါကို သမီးဆက်လေ့လာပါ။ State prisoner ဆိုတာ Political prisoner နဲ့ လုံးဝမတူညီ၊ ကွဲပြားတာကို သမီးတွေ့ရပါလိမ့်မယ်။"

> **အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင် လက်စွဲတွေမှာ အကျဉ်းသားအမျိုးအစား၊ အကျဉ်းသား အတန်းအစားတွေကို ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားပေမယ့် နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီး ခွဲခြားသတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်မရှိပါဘူး။ ဒီအချက်ဟာ မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာမရှိဘူး။ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိဘူးဆိုတာ ပိုမိုထင်ရှားမြင်သာစေတာပါပဲ။**

**မနီလာ။** "ဖေဖေရှင်းပြမှပဲ အရေးကြီးတဲ့ ဝေါဟာရတစ်ခုကို မြန်မာဘာသာပြန်တာ လွဲမှားသွားတာကအစ မရှင်းမရှင်း ပြောစရာတွေ ဖြစ်လာတာ သိရတော့တယ်။ ဥပဒေတစ်ခုကို လေ့လာရင် မူရင်းပြဋ္ဌာန်းချက်တွေကို မဖြစ်မနေ လေ့လာဖို့လိုအပ်တယ်ဆိုတာ သမီးကောင်းကောင်းမှတ်သားလိုက်ပါပြီ။ဒါနဲ့ဖေဖေ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က အကြောင်းကိုလည်း တစ်ဆက်တည်းရှင်းပြပေးပါဦး။အစိုးရကိုအကြည်ညိုပျက်အောင်လုပ်လို့ ဒီပုဒ်မနဲ့ အရေးယူတဲ့ အမှုတွေကိုလည်း နိုင်ငံရေး ပြစ်မှုတွေလို့ တချို့က ပြောကြလို့ပါ။"

**ဦးမြင့်။** "ကဲ ဒီလိုဆိုရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က ရဲ့ ပြဋ္ဌာန်းချက်တွေကို ဖတ်ကြည့်ရအောင်။

ဒီပုဒ်မရဲ့ ပြဋ္ဌာန်းချက်တွေကတော့-

"မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ပြည်ထောင်စုအတွက် သို့မဟုတ် ပြည်ထောင်စု အဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်းပြုလျှင်၊ သို့မဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့မဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်လျှင် သို့မဟုတ် ထိုသို့ လှုံ့ဆော်ရန် အားထုတ်လျှင် ထိုသူကို ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ် အောက်လျော့သည့် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်အတူ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက် ၁။** ။မေတ္တာပျက်စေခြင်းဆိုသည့် စကားရပ်တွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသောစိတ်လည်း ပါဝင်သည်။

**ရှင်းလင်းချက် ၂။** ။မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် လှုံ့ဆော်ရန် အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ ဆောင်ရွက်မှုအစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

**ရှင်းလင်းချက်၃။** ။မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန် ကြံစည် အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို သို့မဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှု မမြောက်" လို့ ပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုဆိုင်ရာ ပုဒ်မ ၁၂၄-က ပါ ဘယ်ပြဋ္ဌာန်းချက်မှာမှ နိုင်ငံရေးအယူအဆမတူလို့ အရေးယူနိုင်တယ်ဆိုတာ မပါပါဘူး။

ဘယ်နိုင်ငံအစိုးရကမှလည်း ဖျက်လိုဖျက်ဆီးသဘောနဲ့ အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်တာတွေကို လက်ခံခွင့်လွှတ်နိုင်မှာမဟုတ်ပါဘူး။

ဒီပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က အရ အရေးယူတဲ့ အမှုတွေကိုကြည့်ရင် အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ပြုလုပ်တဲ့နေရာမှာ လှုံ့ဆော်တာရှိတယ်၊ လှုံ့ဆော်ရန်အားထုတ်ခြင်းရှိတယ်၊ လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်းရှိတယ်၊ ဒါတွေအပြင် စာရွက်စာတမ်းတွေကို ခွင့်ပြုချက်မရှိဘဲ ပုံနှိပ်တာတွေ၊ ဖြန့်ဝေတာတွေရှိတယ်၊ ခွင့်ပြုချက်မရှိဘဲ ဗီဒီယိုတိပ်ခွေတွေသွင်းပြီး ဖြန့်ဝေတာတွေ၊ လူစုလူဝေးနဲ့ဟောပြောတာတွေ၊ ဒါတွေကိုကြည့်ရုံနဲ့ လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန် အားထုတ်ခြင်း၊ လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်း စတဲ့ ပြစ်မှုပါ သတ်မှတ်ထားတဲ့ အင်္ဂါရပ်တွေနဲ့ ကိုက်ညီလို့ အရေးယူတာပဲ၊ ပြစ်မှုကျူးလွန်ခြင်းမြောက်လို့ အရေးယူခြင်း၊ အပြစ်ပေးခြင်းပြုတာပဲ။"

ဒီအချက်တွေကိုကြည့်ရင် ပြစ်မှုဆိုင်ရာဥပဒေမှာ ပုဒ်မ ၁၂၄-က ကို အရေးယူတာဟာ နိုင်ငံရေးပြစ်မှုကို ကျူးလွန်လို့ အရေးယူတာမဟုတ်ဘဲ ပြစ်မှုကိုကျူးလွန်လို့ အရေးယူတာပဲဖြစ်ပါတယ်။ဒ့ါအပြင် ပြစ်မှုဆိုင်ရာဥပဒေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များ အခန်းကိုကြည့်ရင်လည်း နိုင်ငံရေးပြစ်မှုဆိုပြီး အဓိပ္ပာယ်ဖွင့် ရှင်းလင်းထားတာ လုံးဝမပါရှိပါဘူး။ ပြစ်မှုကြောင်း သက်သက်တွေသာ ပြဋ္ဌာန်းထားတာပါ။ ပြစ်မှုမြောက်တဲ့ တားမြစ်ချက်တွေကို ချိုးဖောက်လို့ ပြစ်မှုကျူးလွန်သူ အဖြစ်သာ အရေးယူတာတွေ့ရပါမယ်။"

**မနီလာ။** "ခုလို ကျယ်ကျယ်ပြန့်ပြန့် သိလိုက်ရလို့ ဒီနေ့ သမီး အများကြီး ဗဟုသုတရသွားပြီ။ ဒါနဲ့ဖေဖေ အကျဉ်းထောင်တွေမှာရော နိုင်ငံရေးအကျဉ်းသား၊ ရိုးရိုးအကျဉ်းသားဆိုပြီး ခွဲခြားဆက်ဆံတာတွေများရော အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတို့မှာ ပြဋ္ဌာန်းထားတာ ရှိသလား ဖေဖေ။"

**ဦးမြင့်။** "ဒီလို နိုင်ငံရေးအကျဉ်းသားဆိုပြီး မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ ခွဲခြားထားရှိတာ၊ ခွဲခြားဆက်ဆံတာ မရှိပါဘူး။ ဒီအကြောင်းတွေ သိချင်ရင်တော့ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတွေကို လေ့လာဖို့လိုပါမယ်။ အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ ၂၇ မှာ အကျဉ်းသားတွေကို ခွဲခြားတာနဲ့ စပ်လျဉ်းပြီးပြဋ္ဌာန်းထားရာမှာ-

(၁) အမျိုးသမီးအကျဉ်းသားတွေကို အမျိုးသားအကျဉ်းသားတွေနဲ့ မမြင်မတွေ့ဖို့ သီးခြား သီးသန့်ခွဲခြားထားရမယ်။

(၂) အသက် ၂၁နှစ်အောက် အကျဉ်းသားတွေကို သူတို့ထက် အသက်ကြီးတဲ့ အကျဉ်းသားတွေနဲ့ ခွဲခြားထားရမယ်။

(၃) အသက် ၂၁ နှစ်အောက် ယောကျ်ားအကျဉ်းသားတွေထဲမှာ လူပျိုဖော်ဝင်စ အရွယ်တွေကို ကျန်လူပျိုဖော်မဝင်သေးတဲ့သူတွေနဲ့ သီးခြားထားရမယ်။

(၄) အကျဉ်းကျသူတွေနဲ့ အကျဉ်းမကျသေးတဲ့ အချုပ်သားတွေကို ခွဲခြားထားရမယ်။

(၅) တရားမအကျဉ်းသားတွေကို ရာဇဝတ်အကျဉ်းသားတွေနဲ့ ခွဲခြားထားရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းသားတွေကို အကျဉ်းထောင်တွေမှာ ဘယ်လိုခွဲခြားထားရမယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲ အပိုဒ် ၄၁၅ မှာ ပါရှိပါတယ်။

ပြစ်ဒဏ်ကျအကျဉ်းသားတွေကိုလည်း အေ၊ ဘီနဲ့ စီဆိုပြီး အတန်းအစား သုံးမျိုးခွဲခြားထားရှိကြောင်း အကျဉ်းထောင်လက်စွဲ အပိုဒ် ၆၆၅၊ ၆၆၇ နဲ့ ၆၆၈ တွေမှာ ဖော်ပြထားပါတယ်။**အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတွေမှာ အကျဉ်းသားအမျိုးအစား၊ အကျဉ်းသားအတန်းအစားတွေကို ခွဲခြားသတ်မှတ် ပြဋ္ဌာန်းထားပေမယ့် နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီး ခွဲခြားသတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်မရှိပါဘူး။ ဒီအချက်ဟာ မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာမရှိဘူး။ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိဘူးဆိုတာ ပိုမိုထင်ရှားမြင်သာစေတာပါပဲ။**

နိုင်ငံတော်အကျဉ်းသား (State prisoner) တွေနဲ့ စပ်လျဉ်းပြီး အကျဉ်းထောင်လက်စွဲအပိုဒ် ၇၄၃(၁)မှာ ဘယ်သူမဆို ၁၈၁၈ ခုနှစ်၊ ကြေညာချက်အမှတ်(၃) ပြဋ္ဌာန်းချက်များအရ လုံခြုံစွာထိန်းသိမ်းထားရန်အတွက် အကျဉ်းထောင်တစ်ခုခုတွင် ထားရှိလျှင် ယင်းအကြောင်းကိုစွအတွက် စစ်ဆေးရေးမှူးချုပ်ထံကို အစိုးရကအကြောင်းကြား အသိပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၇၄၅ မှာ နိုင်ငံတော်အကျဉ်းသား (State prisoner) နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို တရားမ အကျဉ်းသားမှတ်ပုံတင်စာအုပ်မှာ အမှတ်စဉ် မတပ်ဘဲ ရေးသွင်းရမယ်လို့ ဆိုပါတယ်။ အပိုဒ် ၇၄၇မှာ နိုင်ငံတော်အကျဉ်းသား (State prisoner)တွေကို အထူးထားရှိဖို့အတွက် နေရာထိုင်ခင်း မရရှိနိုင်လျှင် တရားမဆောင် ဒါမှမဟုတ် အချုပ်ဆောင်မှာ ချုပ်နှောင်ထားရမယ်။ ဒါပေမယ့် ဘယ်လိုအခြေအနေမှာမှ ရာဇဝတ်အကျဉ်းသားတွေနဲ့ ဆက်သွယ်ခြင်း ဒါမှမဟုတ် အပေါင်းအသင်းပြုလုပ်ခြင်းကို ခွင့်မပြုရဘူးလို့ ဆိုပါတယ်။ အပိုဒ် ၇၅၁ မှာ နိုင်ငံတော် အကျဉ်းသား (State prisoner)တွေကို ထိန်းသိမ်းဖို့အတွက် အပ်နှံခြင်းခံရတဲ့ အရာရှိဟာ နှစ်စဉ် ဇန်နဝါရီလ (၁) ရက်နေ့နဲ့ ဇူလိုင်လ(၁) ရက်နေ့တို့မှာ အစိုးရထံကို နိုင်ငံတော်အကျဉ်းသားရဲ့ ပြုမူနေထိုင်ပုံ၊ စာရိတ္တ၊ ကျန်းမာရေးနဲ့ သက်သောင့်သက်သာရှိမှုတို့ကို ဖော်ပြပြီး သူ့ကိုချုပ်နှောင်ထားခြင်းကို ဆက်လက်အတည် ဖြစ်စေဖို့ ဒါမှမဟုတ် ပြုပြင်ပြောင်းလဲစေဖို့အတွက် စဉ်းစားဆုံးဖြတ်နိုင်ရန် အစိုးရထံကို တင်သွင်း အစီရင်ခံရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၇၅၄ မှာ နိုင်ငံတော်အကျဉ်းသား (State prisoner) ကို အကျဉ်းထောင်တစ်ခုမှ တခြား အကျဉ်းထောင်တစ်ခုကို ပြောင်းရွှေ့ဖို့ ဒါမှမဟုတ် သူ့ကို ချုပ်နှောင်ထားတဲ့ အကျဉ်းထောင်မှ ဖယ်ရှားခြင်းပြုဖို့ အမိန့်များကို ၁၈၁၈ ခုနှစ် အက်ဥပဒေ အမှတ်(၃)ဖြင့် ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းထောင်အက်ဥပဒေ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော် အကျဉ်းသား (State prisoner)ကို အရေးယူတဲ့ အကြောင်းများသာပါရှိပြီး နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီး အရေးယူခြင်း မရှိတာတွေ့ရပါမယ်။

**ချုံပြီးပြောရရင်တော့ မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားခြင်း မရှိသလို ဘယ်သူ့ကိုမှလည်း နိုင်ငံရေးပြစ်မှုနဲ့ အရေးယူတာမရှိပါဘူး။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသား (Political prisoner) ဆိုပြီးလည်း မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ ထားတာမရှိပါဘူး။ နိုင်ငံတော်အကျဉ်းသား (State prisoner) နဲ့ နိုင်ငံရေးအကျဉ်းသား(Political prisoner) မတူဘူး ဆိုတာကို ခွဲခြားမှတ်သားဖို့လိုပါတယ်။ ဒီကနေ့ ဖေဖေတို့နိုင်ငံမှာ စောစောကပြောခဲ့တဲ့ နိုင်ငံတော်အကျဉ်းသားများ ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners)ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းလည်း မရှိတော့တဲ့အတွက် အကျဉ်းထောင်ထဲမှာ နိုင်ငံတော်အကျဉ်းသား (State prisoner)ဆိုတာလဲ မရှိတော့ဘူးပေါ့** သမီး။"

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအာမက်အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေး ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၂

**ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ရေးကော်မတီက ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများအား ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။**

ရန်ကုန်ဆေးတက္ကသိုလ်(၁)မှမစန္ဒာလွင်(ဘ)ဦးညီညီလွင်၊မဝင့်သန္တာဝင်း(ဘ)ဦးအောင်ဝင်း၊ မောင်အောင်ဇင်ဖြိုး(ဘ) ဦးသန်းမြင့်၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မသိမ့်သိမ့်ဦး (ဘ) ဦးလှဝင်း၊မမေဆုမွန်(ဘ)ဦးမြင့်ဝေ၊ မအိရည်မွန်ဟန် (ဘ) ဦးငြိမ်းလှိုင်၊ မသက်နှင်းလွင် (ဘ) ဦးစန်းလွင်၊ မန္တလေးဆေးတက္ကသိုလ်မှမခိုင်သဥ္ဇာ(ဘ)ဦးအုန်းကျော်၊ မနွယ်နွယ်ကျော်ဌေး(ဘ)ဦးကျော်ဌေး၊မောင်မြတ်ကျော်သက် (ဘ) ဦးမောင်ကျော်၊ မကွေးဆေးတက္ကသိုလ်မှ မအိနှင်းလွင်သန့် (ဘ) ဦးကျော်မြင့်၊ မသက်ထားအိမ် (ဘ) ဦးသာတင်၊ မထက်ထက် (ဘ) ဦးမောင်သန်း၊ မောင်ရဲမင်းထွန်း (ဘ) ဦးသန်းလွင်၊ မောင်ကျော်ကိုကိုဝင်း (ဘ) ဦးမောင်ကျော်ဝင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ မယမုံ (ဘ) ဦးအောင်တင့်၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)မှ မအိအိသိမ့်(ဘ)ဦးခင်မောင်ဇော်တို့အား ငွေကျပ် ၅၀၀၀၀ စီ လစဉ်ပညာသင် ထောက်ပံ့ကြေး ဆုချီးမြှင့်မည်ဖြစ်သည်။

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်(လှိုင်သာယာ)မှ မောင်သော်ဇင်ထွန်း (ဘ) ဦးရဲလွင်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ မဝင်းချယ်ရီထွန်း(ဘ)ဦးညွန့်ဝင်း၊နည်းပညာတက္ကသိုလ် (မန္တလေး)မှ မရွှေမိုးဟန် (ဘ) ဦးတင်အောင်၊ နည်းပညာတက္ကသိုလ် (မုံရွာ)မှ မဆွေလှိုင်ဝင်း (ဘ)ဦးမျိုးဆွေ၊နည်းပညာတက္ကသိုလ် (တောင်ငူ) မှ မထက်ထက်ဝေဦး (ဘ) ဦးကျော်မြိုင်တို့အား ငွေကျပ် ၄၀၀၀၀ စီ လစဉ်ပညာသင်ထောက်ပံ့ကြေး ဆုချီးမြှင့်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှမောင်ကျော်ဇင်ဝင်း(ဘ) ဦးသစ်ဦး၊ မောင်ခွန်အောင်နိုင်ဦး (ဘ) ဦးမောင်ဟူး၊ မအေးအေးအောင်(ဘ)ဦးရဲထွန်းမိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ မအေးအေးမိုး (ဘ) ဦးကိုကို၊ မုံရွာ စီးပွားရေးတက္ကသိုလ်မှ မောင်ပြည့်ဖြိုးအောင် (ဘ)ဦးချိုလင်းစိုး၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မခင်မို့မို့ကြည် (ဘ) ဦးမျိုးကြည်၊ မအေးသီတာ (ဘ) ဦးကံမြင့်၊စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မမေသက်လွင် (ဘ) ဦးစန်းမောင်၊ မမီမီသန့်(ဘ)ဦးအောင်၊ကျောက်ဖြူပညာရေးတက္ကသိုလ်မှ မမြတ်သီဂီထွန်း(ဘ)ဦးလှဝင်းတို့အား ငွေကျပ် ၄၀၀၀၀စီလစဉ်ပညာသင်ထောက်ပံ့ကြေး ဆုချီးမြှင့်မည်ဖြစ်သည်။

ထို့ပြင် ဒဂုံတက္ကသိုလ်မှ မမြတ်လေးခင် (ဘ) ဦးမြတ်တိုး၊ မနှင်းယမုံမြင့်(ဘ)ဦးအောင်မြင့်၊ မထိုက်နန္ဒီလင်း (ဘ) ဦးမျိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှမောင်ပြည့်စုံဦး(ဘ)ဦးမြင့်သိန်း၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မမေဦးဦးသာ(ဘ) ဦးသန်းဝင်း၊ ရတနာပုံတက္ကသိုလ် (မန္တလေး)မှ မစိမ်းလဲ့ဝေ(ဘ)ဦးတင်မြင့်၊မုံရွာတက္ကသိုလ်မှမအေးမြင့်စန်း (ဘ) ဦးဝင်းမြင့်၊ မစုမွန်ဇော် (ဘ) ဦးဇော်မင်း၊ပခုက္ကူတက္ကသိုလ်မှမဝင်းဟေမာန်အေး (ဘ) ဦးတင်မောင်အေး၊ ပြည်တက္ကသိုလ်မှ မဂျူလီရွှေ (ဘ) ဦးအောင်မြင့်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မအိသဇင်စိုး(ဘ) ဦးစိုးဝင်း၊မကေသီမြင့်(ဘ)ဦးကျော်လှိုင်၊ မခင်စိုးထွေး(ဘ)ဦးခင်မောင်၊ မသိမ့်သဥ္ဇာအောင်(ဘ)ဦးကျော်သန်း၊ မောင်ဇော်မျိုးထွဋ် (ဘ) ဦးဟန်လွင်၊ ဆွေမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မမိုးပွင့်ဖြူဦး (ဘ) ဦးသန်းဦး၊ မအေးသန္တာအောင်(ဘ)ဦးညွန့်ဝင်း၊ မောင်ဇော်လင်း(ဘ)ဦးမိုးကောင်းတို့အားငွေကျပ်၃၀၀၀၀စီ လစဉ်ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အထက်ပါ ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေးထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(သို့မဟုတ်) မော်ကွန်းထိန်း၏ ထောက်ခံချက် မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (ရုံးချုပ်)အမှတ်-၁၆၅/၁၆၇ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅ သို့ အမြန်ဆုံးဆက်သွယ်ရန်နှင့်ရန်ကုန်၊မှော်ဘီ၊လှိုင်သာယာနှင့် ဒဂုံမြို့နယ်များရှိတက္ကသိုလ်များမှ ကျောင်းသား၊ကျောင်းသူများသည် ပါမောက္ခချုပ်(သို့မဟုတ်) မော်ကွန်းထိန်းထောက်ခံချက်နှင့်ကျောင်းသားကတ်မူရင်းတို့ဖြင့် လူကိုယ်တိုင် လာရောက်ဆက်သွယ်ရန်ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆု ချီးမြှင့်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေး တေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေး တေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၅း၂၀ | ၇။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅း၃၀ | ၈။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅း၄၀ | ၉။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၄။ | ကာတွန်းအစီအစဉ် ကျားကလေးရဲ့မွေးရပ်မြေ အပိုင်း(၁၄) |
| ၆း၄၅ | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်းအပိုင်း(၈၇)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေး တေးကဗျာ |
| | ၂၀။ | လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှင်းတောင်သူရဲကောင်း အပိုင်း(၁၂)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

## နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပခြင်းသည် ရှေ့သို့တစ်လှမ်းတိုးခြင်းဖြစ်ကြောင်း အီရန်သမ္မတ ပြောကြား

**တီဟီရန် ဇူလိုင် ၂၁**

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က အငြင်းပွားလျက်ရှိသော နျူကလီးယား အစီအစဉ်အပေါ် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် ဆွေးနွေးပွဲ ကျင်းပခြင်းသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ခြင်းဖြစ်သည်ဟု တနင်္ဂနွေနေ့က ပြောကြားသည်။

သို့သော်လည်း အဆိုပါ ဂျီနီဗာ ဆွေးနွေးပွဲသည် လိပ်ခဲတည်းလည်း အခြေအနေကိုတိုးတက်မှုရရှိရန်တစ်စုံတစ်ရာစွမ်းဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ဆွစ်ဇာလန်မြို့တော်၌ ကျင်းပသော ထိုဆွေးနွေးပွဲတွင် အမေရိကန် ပါဝင်လာခဲ့သော်လည်းရှေ့မတိုးနောက်မဆုတ်သာ အခြေအနေနှင့် ပြီးဆုံးခဲ့ရပြီးနောက် အင်အားကြီး ခြောက်နိုင်ငံက နျူကလီးယားစမ်းသပ်နေခြင်းအားရပ်တန့်ထားရေး တောင်းဆိုချက်ကို အဖြေပေးရန် အီရန်နိုင်ငံအား ရက်သတ္တနှစ်ပတ် အချိန်ပေးခဲ့သည်။ မလိုက်နာခဲ့ပါက ပိုမိုတင်းကျပ်သော အရေးယူမှုများနှင့် ရင်ဆိုင်ရမည်ဟုဆိုသည်။

အီရန်က အဏုမြူပုံး ထုတ်လုပ်မည်ကို စိုးရိမ်နေကြသော အနောက်နိုင်ငံများက အရေးကြီးသောအဏုမြူလုပ်ငန်းစဉ်များအား ရပ်ဆိုင်းထားရန် တောင်းဆိုခြင်းကို အီရန်နိုင်ငံက ဆွေးနွေးလိမ့်မည် မဟုတ်ကြောင်း အီရန်စေ့စပ်ညှိနှိုင်းရေးသမား ဆာအီဂျာလီလီကပြောကြားလိုက်ခြင်းကြောင့် နောက်ဆွေးနွေးပွဲတွင် ၎င်းပြဿနာ ဖြေရှင်းနိုင်ရေး မျှော်လင့်ချက်ကို မှေးမှိန်သွားစေခဲ့သည်။

သို့သော်အီရန်သမ္မတကမူဆွေးနွေးပွဲအပေါ် အလားအလာကောင်းသည့် ရှုမြင်သုံးသပ်ချက်တစ်ရပ်ကို ပြသခဲ့သည်။ မည်သည့်ဆွေးနွေးပွဲ ဖြစ်စေ ကျင်းပလျှင် ရှေ့သို့ခြေတစ်လှမ်း တိုးခြင်း ဖြစ်ကြောင်း၊ ယမန်နေ့က ဆွေးနွေးပွဲသည် ရှေ့သို့လှမ်းလာသော ဆွေးနွေးပွဲများထဲမှ တစ်ခုဟု မှတ်ယူကြောင်း သမ္မတက သတင်းထောက်များအား ပြောကြားသည်။

***အမ်အင်အေ/ရိုက်တာ။***

**တရုတ်နိုင်ငံ ငလျင်ဒဏ်ခံရသောစီချွမ်ပြည်နယ်တွင်ကယ်ဆယ်ရေးလုပ်ငန်းတာဝန်များ ပြီးစီး၍ ပြန်လည်ထွက်ခွာသွားသောတရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ တပ်ဖွဲ့ဝင်များအား ဒေသခံများက နှုတ်ဆက်နေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## နေတိုးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်၍ အာဖဂန်ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

**ကဘူးလ် ဇူလိုင် ၂၁**

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် နေတိုးတပ်ဖွဲ့များနှင့် အာဖဂန် ရဲတပ်ဖွဲ့တို့သည် အချင်းချင်းမှားယွင်းတိုက်ခိုက်ကြပြီးနောက် ညပိုင်းတွင် နေတိုးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်ခဲ့၍ အာဖဂန်ရဲတပ်ဖွဲ့ဝင် ကိုးဦး သေဆုံးခဲ့ရကြောင်း အာဖဂန် တာဝန်ရှိသူများက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

နိုင်ငံခြားတပ်ဖွဲ့များ၏အကြိမ်ကြိမ်မှားယွင်းပစ်ခတ်မှုများကြောင့် အရပ်သား ဒါဇင်ပေါင်းများစွာ သေဆုံးရကြောင်း အာဖဂန် တာဝန်ရှိသူများက ပြောကြားပြီးနောက် အပြစ်မဲ့သူများအား မထိခိုက်စေရေး ရှောင်ရှားရန် အလေးထားလိုက်နာမှု မရှိသေးကြောင်း ယခုအဖြစ်အပျက်က ဖော်ပြနေသည်။

ဖာရပ်ပြည်နယ် အနာဒါရာခရိုင်တွင် အာဖဂန်ရဲတပ်ဖွဲ့များနှင့် နိုင်ငံတကာတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ နှစ်ဖက်စလုံးက တစ်ဖက်ကိုတစ်ဖက် တာလီဘန်များဟုထင်နေကြကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ယူနွတ်ရာဆူလီကပြောကြားသည်။

နေတိုးတပ်ဖွဲ့များက လေတပ်အကူအညီတောင်း၍ ရဲတပ်ဖွဲ့ဝင်များ အားတိုက်ခိုက်စေခဲ့ရာ ကိုးဦးသေဆုံးပြီး ခရိုင်ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရရှိခဲ့သည်။

ထိုအချိန်နှင့်တစ်ပြိုင်တည်း နေတိုး၏ နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေဖက်စ်)က ပါကစ္စတန်နယ်စပ်အနီး ပါတီကာပြည်နယ်အရှေ့ပိုင်း ဘာမာခရိုင်တွင် ညဘက်၌ မော်တာဖြင့် ပစ်ခတ်၍ အာဖဂန် အရပ်သားလေးဦး သေဆုံးကြောင်း အိုင်အက်စ်အေဖက်စ်က ပြောကြားသည်။

***အမ်အင်အေ/ရိုက်တာ။***

## အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၂၁**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း၊ ၎င်းသေဆုံးမှုသည် တိုက်ပွဲဖြစ်ပွားခြင်းကြောင့်သေဆုံးရခြင်းမဟုတ်ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။ အီရတ်နိုင်ငံရှိနိုင်ငံစုံတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည်ဇူလိုင်၁၇ရက်ကသေဆုံးခဲ့ကြောင်း၊ ယင်းမတော်တဆဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက် ရှိကြောင်း စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင်အမေရိကန် ကျူးကျော်စစ်ဖြစ်ပွားပြီးနောက်သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၂၅ ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကိန်းဂဏန်းအရ သိရသည်။ ***အမ်အင်အေ/ဆင်ဟွာ။***

**အီတလီနိုင်ငံ ရောမမြို့ဝန်းကျင်တွင်ခြေသလုံးအိမ်တိုင်လှည့်လည်နေထိုင်သော ဂျစ်ပစီများအား သန်းခေါင်စာရင်းကောက်ယူနေသည်ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ခြေသလုံးအိမ်တိုင်နေထိုင်သူများအား အီတလီတွင် သန်းခေါင်စာရင်းကောက်ယူ

**ရောမ ဇူလိုင် ၂၁**

ရောမမြို့တော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကြက်ခြေနီအဖွဲ့မှ ဝန်ထမ်းများသည် ရောမမြို့တွင် အိမ်ခြေရာခြေ အတည်တကျမရှိသူများအား သန်းခေါင်စာရင်းကို စတင်ကောက်ယူနေကြကြောင်း၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ဖွယ်မရှိဟု သံသယကင်းသူများအား လက်ဗွေယူမည်မဟုတ်ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

ရောမ၊ နေပယ်နှင့်မီလန်မြို့ တစ်ဝိုက်ရှိစခန်းများမှရာချီရှိသည့်ကလေးလူကြီးခြေသလုံးအိမ်တိုင် နေထိုင်သူများအား လက်ဗွေနှိပ်ခိုင်းရန် အီတလီအစိုးရကကြေညာခဲ့ပြီးနောက်ဥရောပသမဂ္ဂနှင့် လူ့အခွင့်အရေး အုပ်စုများက အီတလီအစိုးရအား ဝေဖန်ခဲ့ကြသည်။

အီတလီကြက်ခြေနီအဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်များက ရောမမြို့တော် ဆင်ခြေဖုံးဒေသရှိစခန်းများတွင်ကြာသပတေးနေ့မှစတင်၍သန်းခေါင်းစာရင်းစတင်ပြုလုပ်နေကြပြီး စခန်းတွင် နေထိုင်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အိမ်ထောင်စု အခြေအနေ စသည့် အသေးစိတ် အချက်အလက်များကို ကောက်ယူနေပြီဖြစ်သည်။ရဲတပ်ဖွဲ့ဝင်များက ယင်းလုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသော်လည်း လုံခြုံရေး တာဝန်ကို ဆောင်ရွက်လျက်ရှိသည်။

***အင်တာနက်။***

## ဂွါတီမာလာအရှေ့ပိုင်း၌ မိုးကြီး၍ မြေပြိုမှုဖြစ်ပွား

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၁**

ဂွါတီမာလာ အရှေ့ပိုင်းကျေးလက်ဒေသတွင် တနင်္ဂနွေနေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကာအနည်းဆုံး ၁၂ ဦးသေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြကြသည်။ ဂွါတီမာလာမြို့တော်မှ ရောက်ရှိလာသောသတင်းအရသေဆုံးသူ ၁၂ဦးသည်မိသားစုတစ်စုတည်းမှ ဖြစ်ကြောင်း သိရသည်။ ဇာကာပါပြည်နယ် လာယူနီယန်မြို့အနီး ရွာတစ်ရွာတွင်ရှိသော ၎င်းတို့၏အိမ်ကို ရွှံ့နွံများနှင့်ကျောက်တုံးများက ဖုံးလွှမ်းသွားခဲ့သည်ဟုဆိုသည်။

လွန်ခဲ့သောရက်သတ္တပတ်များအတွင်းက မိုးသည်းထန်စွာရွာသွန်းသောကြောင့် အဆိုပါဒေသတွင်မြေပြိုခြင်း၊ အိမ်များ၊ တံတားများနှင့် အဝေးပြေးလမ်းများ ပျက်စီးခြင်းတို့ ဖြစ်ခဲ့သည်ဟု လာယူနီယန်မြို့တော်ဝန် ဖရန်စစ္စကို ဆယ်ဂွီရိုက ပြောကြားသည်။ ***အမ်အင်အေ/ဆင်ဟွာ။***

**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုနီဗီဒီယိုပြစက် ပရိုဂျက်တာဖြင့် ပြသနေသော ပင်လယ်ရေသတ္တဝါ၏ပုံအား ကလေးငယ်များ ကြည့်ရှုနေသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ပါကစ္စတန်တွင် လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွား ၄၂ ဦး သေဆုံး

**ကွဲယက်တာ(ပါကစ္စတန်) ဇူလိုင် ၂၁**

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းဘလူချီစတန်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ တိုက်ပွဲများဖြစ်ပွားရာ ၄၂ ဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက တနင်္လာနေ့တွင် ဖော်ပြကြသည်။

ဒီရာဘတ်တီနယ်မြေတွင် ဇူလိုင်၂၀ရက်က ဖြစ်ပွားသော တိုက်ပွဲတွင် စစ်သွေးကြွ ၃၃ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးကြောင်း "သည်နယူးစ်"သတင်းစာက ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိတစ်ဦး၏ ပြောပြချက်အရ စစ်သွေးကြွနှစ်ဒါဇင်ကျော် ဖမ်းဆီးရမိပြီး လက်နက်အမြောက်အမြားကိုလည်း သိမ်းဆည်းရမိကြောင်း သိရှိရသည်။ ***အမ်အင်အေ/ရိုက်တာ။***

# ဩစတြေးလျတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေပြတ်လပ်နေ ဆက်လက်မိုးခေါင်နေပါက ပြည်သူသန်းနှင့်ချီ၍ ဒုက္ခရောက်နိုင်

**ပေကျင်း ဇူလိုင် ၂၁**

ဩစတြေးလျနိုင်ငံတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပွားလျက်ရှိရာ ဆက်လက်၍ မိုးခေါင်နေပါက ပြည်သူများ သန်းနှင့်ချီ၍ သောက်သုံးရေ မလောက်ငသည့်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သတင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

နိုင်ငံ၏စားနပ်ရိက္ခာအတွက် ရေကို အဓိက ပံ့ပိုးပေးနေသည့် မာရေးဒါလင်ချိုင့်ဝှမ်းတွင် ရေရှားပါးမှုပြဿနာများကြောင့် ယခုကဲ့သို့ အကျပ်အတည်းဖြင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ အဆိုပါ ရေရှားပါးမှုသည် ယခုနှစ်အတွင်း ဇွန်လနှင့် မတ်လများက ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည်။

တာဝန်ရှိသူများအနေဖြင့် ရေရှားပါးမှု ပြဿနာများမှ သက်သာစေရန်အတွက် ပြည်နယ်များအကြား ရေကို ဝေမျှသုံးစွဲကြရန်နှင့် လာမည့်နှစ်တွင်လည်း ယခုကဲ့သို့ အကျပ်အတည်းဖြင့် ရင်ဆိုင်ရပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းထောက်များက ပြောကြားသည်။

လာမည့် ၂၀၀၉-၂၀၁၀ ပြည့်နှစ်များတွင် လူများ၏အကျပ်အတည်းများနှင့် လိုအပ်ချက်များအတွက် ကြိုတင်ကာကွယ်နိုင်ရန် ရေကို လျာထားချက်ဖြင့် ဝေမျှသုံးစွဲကြရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ထည့်သွင်းစဉ်းစားလျက်ရှိသည်ဟု ၎င်းတို့က ပြောကြားသည်။

တစ်သန်းကျော်ရှိသော ပြည်သူများသည် မာရေးဒါလင်ချိုင့်ဝှမ်းအတွင်းမှ ရေများကို ၎င်းတို့ သောက်သုံးရန်အတွက် ဆွဲတင်နေကြရကြောင်း၊ အဆိုပါကိစ္စရပ်သည်နံပါတ်-၁ ဦးစားပေးအဖြစ် အထူးအလေးထားကာ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်ကြောင်းနှင့် ရာသီဥတုမညီမမျှ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်စီမံကိန်းများကို ချမှတ်ရန် လိုအပ်လျက်ရှိကြောင်း ဩစတြေးလျနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုများ လေ့လာရေး ဝန်ကြီး ပင်န်နီဝေါင်းက ပြောကြားသည်။

***အင်တာနက်။***

ဩစတြေးလျနိုင်ငံတောင်ပိုင်းတွင် မိုးခေါင်မှုကြောင့် ခြောက်သွေ့နေသည့် စိုက်ပျိုးမြေကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အိုဘားမားနှင့် အမေရိကန်တပ်မှူး အာဖဂန်အရှေ့ပိုင်း၌ တွေ့ဆုံဆွေးနွေး

**ကဘူး ဇူလိုင် ၂၁**

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဘာရက်အိုဘားမားသည် အာဖဂန်နစ္စတန် အရှေ့ပိုင်းရှိ အမေရိကန်တပ်မှူးနှင့်တွေ့ဆုံပြီး စစ်ပွဲအကြောင်းကို ဆွေးနွေးခဲ့သည်။ ၎င်းက ဘုရှ်အစိုးရသည် အာဖဂန်နစ္စတန်စစ်ပွဲအပေါ် လုံလောက်သော ဂရုစိုက်မှု မရှိဟု စွပ်စွဲထားသည်။

အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်မဟာနှစ်ခု သို့မဟုတ် အမေရိကန်တပ်ဖွဲ့ဝင် ၇၀၀၀ ခန့် စေလွှတ်ရန် ဆန္ဒရှိသည်။ ဘုရှ်အစိုးရက အီရတ်နိုင်ငံအပေါ် စွဲမြဲစွာ အာရုံထားနေခြင်းမှ အာဖဂန်နစ္စတန်နိုင်ငံဘက်သို့ ရွှေ့ပြောင်းစေလိုသည်။

ယခုအခါ အိုဘားမားသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိနေပြီး အီရတ်နှင့် အာဖဂန်စစ်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိသည်။ အိုဘားမား၏ အီရတ်ခရီးစဉ်နှင့် ပတ်သက်၍ မက်ကိန်းက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကြေးမုံ နိုင်ငံတကာသတင်းများ

ကဒ်သူပုန်များ အဖမ်းခံခဲ့ရာမှ ပြန်လည် လွတ်မြောက်လာသော ဂျာမန် တောင်တက်သမားသုံးဦးကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အီရန်တောင်ပိုင်းတွင် ရေနံသိုက်အသစ်တွေ့ရှိ

**တီဟီရန် ဇူလိုင် ၂၁**

အီရန်နိုင်ငံတောင်ပိုင်းတွင် ရေနံစည်ပေါင်း ၅၂၅ သန်း ထုတ်ယူနိုင်ဖွယ်ရှိသည့် ရေနံသိုက် အသစ်တစ်ခုကို တွေ့ရှိကြောင်း အီရန်ရေနံဝန်ကြီး ဂိုလန်-ဟို့စိန်နိုဇာရီ၏ ပြောကြားချက်ကို"ပရက်စ်တီဗွီ" ရုပ်မြင်သံကြားက ကိုးကား၍ ကြေညာသည်။

အဆိုပါရေနံသိုက်သည် ဘာရှီယာ ပြည်နယ် ဆိပ်ကမ်းမြို့ အက်စ်ဆူလူယပ်အနီးတွင် တည်ရှိသည်ဟု နိုဇာရီက ပြောကြားသည်။

သို့သော် ရေနံဝန်ကြီးက အဆိုပါ အသစ်တွေ့ရှိသောရေနံသိုက်မှထုတ်ယူနိုင်သော ရေနံစိမ်းခန့်မှန်းခြေပမာဏကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂူအမ်ကျွန်း၌ အမေရိကန် ဘီ-၅၂ ဗုံးကြဲလေယာဉ်ပျက်ကျ

**ပေကျင်း ဇူလိုင် ၂၁**

တပ်ဖွဲ့ဝင်ခြောက်ဦး တင်ဆောင်လာသည့် အမေရိကန် ဘီ-၅၂ ဗုံးကြဲလေယာဉ် သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂူအမ်ကျွန်းပေါ်၌ ပျက်ကျခဲ့ကြောင်း အမေရိကန်လေတပ်ဖွဲ့က စနေနေ့တွင် သတင်းထုတ်ပြန်သည်။

တပ်ဖွဲ့ဝင်နှစ်ဦးကို ရေထဲမှ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့၏ အခြေအနေ မည်သို့ရှိသည်ကို ချက်ချင်းမသိရှိသေးကြောင်း အမေရိကန်ရေတပ်ဖွဲ့က ပြောကြားသည်။

၎င်းတို့အား အမေရိကန်ရေတပ်က ကယ်တင်ပေးခဲ့ခြင်းဖြစ်ပြီး ဒေသဆိုင်ရာအစိုးရတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များမှလည်း အခြား ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။

အဆိုပါလေယာဉ်သည် လူဝီစီယားနားတွင် တပ်စွဲထားသည့် ဘက်စ်ဒေးလ်လေတပ်မှ ဂူအမ်ကျွန်းရှိ အင်န်ဒါဆန် လေတပ်အခြေစိုက်စခန်းသို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပစိဖိတ်လေတပ်မှ တာဝန်ရှိသူ ဒုတိယဗိုလ်မှူးကြီးသောမတ်စ်က ပြောကြားသည်။

ထိုလေယာဉ်သည် အက်ပရာဆိပ်ကမ်း အနောက်မြောက်ဘက် ၂၅ မိုင်အကွာခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်မှာ ယခုနှစ်အတွင်း ဂူအမ်ကျွန်းပေါ်တွင် အမေရိကန်လေတပ်၏ ဒုတိယမြောက်ပျက်ကျသော လေယာဉ်ဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းကလည်း ရေဒါနှင့်ဖမ်း၍မမိနိုင်သည့် ကိုယ်ပျောက်လေယာဉ် ဘီ-၂ သည် အင်န်ဒါဆန်လေတပ်တွင် ပထမဆုံးအကြိမ် ပျက်ကျခဲ့သည်။

အမေရိကန်လေတပ်အနေဖြင့် လေယာဉ်ပျက်ကျခဲ့သည့်အတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

***အင်တာနက်။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပြုလုပ်ဖန်တီးထားသော ဒီဒိုပင်လယ်ကမ်းခြေအတုတွင် ပျော်ရွှင်စွာ အပန်းဖြေနေသူများအား ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကာဒစ်ပြောက်ကျားများဖမ်းဆီးထားသည့် ဂျာမန် ဓားစာခံသုံးဦး လွတ်မြောက်

**အန်ကာရာ(တူရကီ) ဇူလိုင် ၂၁**

ကာဒစ်ပြောက်ကျားများ၏ သီတင်း နှစ်ပတ်ကြာမျှ ဖမ်းဆီးခြင်းခံခဲ့ရသော ဂျာမန်လူမျိုး တောက်တက်သမားသုံးဦးတို့သည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်ကြောင်း တူရကီသတင်းဌာနက ပြောကြားသည်။

၎င်းတို့အား အက်ဂရီမြို့မှ အာဇူရမ်မြို့ အရှေ့ပိုင်းရှိ လေဆိပ်သို့ တနင်္ဂနွေနေ့က ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို အနာတိုလီယာသတင်းဌာနနှင့် ဒိုရန်ပြည်နယ် သတင်းဌာနတို့က ကိုးကားဖော်ပြသည်။

၎င်းတို့အနေဖြင့် အန်ကာရာ လေဆိပ်မှတစ်ဆင့် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် တနင်္လာနေ့ မွန်းလွဲပိုင်းတွင် တိုက်ရိုက်ထွက်ခွာကြမည်ဟု ယူဆရကြောင်း အဆိုပါသတင်းဌာနများက ပြောကြားသည်။

၎င်းဂျာမန်လူမျိုးသုံးဦးသည် အက်ဂရီပြည်နယ် အရှေ့ပိုင်းရှိ အာရာရတ်တောင်သို့ တက်ရောက်ပြီးနောက် ဇူလိုင် ၈ ရက်တွင် ပြောက်ကျားအဖွဲ့များ၏ အတင်းအကြပ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည်။

အဆိုပါ ပြောက်ကျားများသည် ၁၉၈၄ ခုနှစ်မှ စတင်ကာ တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်အတွက် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြသူများဖြစ်သည်။

***အင်တာနက်။***

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာရှိ အောင်မင်္ဂလာကျောင်း၌ ကျင်းပရာ မြို့နယ်သံဃနာယက အောင်မင်္ဂလာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမင်္ဂလအမှူးပြုသည့် သံဃာတော်များအား အသင်းသူများက ဝါဆိုသင်္ကန်းနှင့် ဆေးဝါးများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာကျောင်း တိုက်၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်ကကျင်းပရာ အလှူရှင်မိသားစုက အေးမြချမ်းသာဆရာတော်ဓမ္မကထိကဗဟုဇနဟိတဓရမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသီရိဓမ္မ(B.A ပါဠိဂုဏ်ထူး)ထံဝါဆိုသင်္ကန်း နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**ရန်ကုန် ဇူလိုင် ၂၂**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ၃၉ လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၄၈ လက်မ၊ ခန္တီးမြို့တွင် ၂ဒသမ၃၆ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင်၂ဒသမ၃၃ လက်မ၊ သာယာဝတီမြို့တို့တွင်၂ဒသမ၁၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ၀၅ လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ၈၁လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ၇၇ လက်မနှင့် ရွှေကျင်မြို့တွင် ၁ဒသမ၆၁ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေ အားအသင့်အတင့်ရှိသည်။

**ဇူလိုင် ၂၃ရက် ညနေထိ ခန့်မှန်းချက်**

ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။**မုတ်သုံလေအားအသင့်အတင့်ရှိမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၉ ဒသမ၄ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) ၂၁-၇-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၂-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂၂-၇-၂၀၀၈

နေပူသည့်နာရီပေါင်း မရှိပါ ၂၁-၇-၂၀၀၈


အမျိုးအစားစုံလင်သော၊ အရည်အသွေးကောင်းမွန်သော၊ ဈေးနှုန်းသင့်လျော်သော

BRIGHTER

ခန်းဆီး၊ လိုက်ကာ၊ ဆိုဖါ

အမှတ်(၂၈၈/၂၉၀)၊ ရွှေတိဂုံဘုရားလမ်း MWEA TOWER၊ ဒဂုံမြို့နယ်။ ဖုန်း - ၃၈၉၉၀၀၊ ၃၈၉၉၆၆၊ ၅၆၃၇၉၀

ဆိုင်ခွဲ - ၃/၃၊ သံသုမာလမ်း၊ စုပေါင်း၊ သုဝဏ္ဏ။



နှလုံးလှအလှူရှင်များသို့ -

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်း ပရဟိတကျောင်းများသို့ စာရေးကိရိယာ အဝတ်အထည်နှင့် အာဟာရများအား (၈)နှစ်မြောက် အလှူဒါနပွဲပြုလုပ်မည်ဖြစ်ပါသောကြောင့် (၃၁.၇.၀၈) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်ကြပါရန် နိုးဆော်အပ်ပါသည်။

ဦးကြည်ဝင်း+ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက် -၆၆၆၇၅၇)

ဦးကျော်သူလင်း+ဒေါ်နှင်းနှင်းထိုက် (ချမ်းမြိုင်မင်း ဆန်စက်ဘာရိတ်တုံး ၀၉၅၁၇၃၄၇၀)

ဒေါ်မိုးသီရိ (မြန်မာ့ဆေးဝါး(ငြိမ်း)၊ စိန်ကွမ်းစားဆေး -၆၆ ၂၉၇၅)

ဒေါ်ကြေးမုံ (နည်းပြနိုင်ငံတကာဆက်ဆံရေးအရှေ့ပိုင်းတက္ကသိုလ် -၆၆၀၉၀၀)



ရန်ကုန်မြို့လယ် (China Town) တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် (မိမိပစ္စည်းနှင့်မိမိ)ဂျပန်ရေညှိထမင်းလိပ်(ဆူရှီ) ကျွမ်းကျင်စွာပြုလုပ်ရောင်းချနိုင်သူအလိုရှိသည်။

ဆက်သွယ်ရန် - ၀၉-၅၀၁၃၀၁၂
- ၀၉-၉၉၃၂၀၃၄



**ကွန်ဒိုတိုက်ခန်း ရောင်းရန်ရှိသည်**

၁၅၀၀ စတုရန်းပေ၊ 2 BR, 1MBR,

ကိုယ်ပိုင်ရေ၊ မီး၊ ဓာတ်လှေကားအပါအဝင်၊

ဆိပ်ကမ်းသာလမ်း အထက်ဘလောက်၊

စုံစမ်းရန် Ph:၃၇၄၂၁၀၊ ၃၈၈၇၇၆ (ရုံးချိန်အတွင်းသာ)


## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဇူလိုင် ၂၂**

"ဂလိုဘယ်ပညာရေးနှင့် မြန်မာလူငယ်များ"အကြောင်းနှင့်ပတ်သက်၍ တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကုမ္ပဏီဒါရိုက်တာများ၊ ပြည်ပပညာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ မန်နေဂျာများ၊ ပြည်ပတွင် ပညာသင်ယူနေသည့် ကျောင်းသားများ၏ ထင်မြင်သုံးသပ်ချက်များ၊ ကြွက်ငယ်ကလေးတစ်ကောင် ထူးထူးဆန်းဆန်း ဘုရားဝတ်ပြုစသည့် သတင်းများပါ ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၄) အမှတ်(၂၈) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် မြန်မာအစိုးရ-ကုလသမဂ္ဂနှင့်NGOများစစ်တမ်းကောက်ယူခဲ့သော နာဂစ်ကြောင့်ပျက်စီးခဲ့မှုများ အစီရင်ခံစာထုတ်ပြန်၊ လေဘေးသင့်ဒေသမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးပေးမည့်အစီအစဉ် မြန်မာနိုင်ငံစဥ့်အသင်းနှင့် ပုဂ္ဂလိကဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်မည်၊ မြန်မာနိုင်ငံတွင် အရည်အသွေးမြှင့်ကုန်များထုတ်ရန် ဂျပန်က နည်းပညာများ လက်တွေ့ကွင်းဆင်းကူညီမည်၊ ဝမ်ပုံဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားသည့် သင်္ဘောများကို ဆိပ်ကမ်းအသုံးပြုခ ဘတ်ငွေအစား ဒေါ်လာဖြင့် ကောက်ခံ၊ မြန်မာမေဖလားဝါးဘဏ်တွင် အပ်ထားသော အပ်နှံငွေများနှင့် ပေးရန်တာဝန်များ အထောက်အထားခိုင်လုံစွာ တင်ပြထုတ်ယူနိုင်ပြီ၊ နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်များ ဆန်းသစ်ထုတ်လွှင့်မှုများကြောင့် ပရိသတ်တိုးလာ၊ ယာဉ်ကြောပိတ်ဆို့မှုလျှော့ကျရေး မြို့လယ်မဟာဗန္ဓုလလမ်းပေါ်ရှိ ဘတ်စ်ကားမှတ်တိုင်များ နေရာခွဲ ပြောင်းရွှေ့၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ရန်ကုန်မိုးအကြောင်း"စသည့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

ယာဉ်ကြောပိတ်ဆို့မှု ကင်းရှင်းရေး အိုလံပစ်ကာလအတွင်း တရုတ်တွင် အလုပ်ချိန်ပြောင်းလဲသတ်မှတ်၊ ကျေးလက်နေပြည်သူများအတွက် တန်ဖိုးနည်း ဆိုလာလက်ဆွဲမီးအိမ်လေးများဖြင့် အလင်းပေးရန် စီမံကိန်းတစ်ရပ်စတင် စသည့် စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။

(သတင်းစဉ်)

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၂-၇-၂၀၀၈ | ၅၉မမ(၂. ၃၃လက်မ) | ၄၅မမ (၁. ၇၇လက်မ) | ၇မမ(၀. ၂၇လက်မ) |
| ၁-၁-၂၀၀၈မှ | ၁၄၃၄မမ | ၁၆၁၉မမ | ၁၉၃၀မမ |
| ယနေ့အထိ | (၅၆. ၄၆လက်မ) | (၆၃. ၇၄လက်မ) | (၇၅. ၉၈လက်မ) |

## လက်ထပ်ပြီးစီးခြင်း

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ (၅)လမ်း၊ မြောက်ပိုင်းနေ ဦးထွန်းကြည်-ဒေါ်မြဝင်းတို့၏သားကြီး

**မောင်ချစ်ကိုကို B.E(Civil)YTU, M.Sc(Civil Engineering)NTU**

Engineer, Top Global Engineering and Trading Co.,Ltd. (Singapore)

နှင့်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီလမ်းနေ ဗိုလ်မှူးကျော်တင်(ငြိမ်း)-ဒေါ်ခင်နွဲ့တို့၏သမီးငယ်

**မဇာခြည်ဦး M.E (Civil) YTU**

**M.Sc (Civil Engineering) NTU**

Engineer, Precast Design Consultant Co.,Ltd (Singapore)

တို့သည် ၁၃-၇-၂၀၀၈ ရက်တွင်စင်ကာပူနိုင်ငံ၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ မင်္ဂလာဆွမ်းကျွေး လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ချစ်ကိုကို- မဇာခြည်ဦး**


O.L (Group) ဘူးနီအိုး အရည်အသွေးအမျိုးမျိုးအပေါ် စိတ်တိုင်းမကျဖြစ်နေပါသလား

ပြင်ဦးလွင်မြို့၊ လက်ချိုမီးနိုချက်စက်ရုံမှ နိုင်ငံခြားစံချိန်မီစက်ဖြင့် ထုတ်လုပ်ထားသော ဘူးနီအိုး အလွတ်၏

စက်ရုံ၏တိုက်ရိုက်အရောင်းဌာန - သမ္မတထောပတ်ဆိုင် အမှတ်(၃၂၀/၃)၊ အနော်ရထာလမ်း ၅၁×၅၂လမ်းကြား ပန်းဘဲတန်း၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၅၀၅၊ ၃၇၅၁၁၈၊ ၀၉-၉၉-၂၈၁၃၄



CNG TAXI ငှားမည်

စပေါ်နှင့်နေ့/ည

ရ/ဆီဒင်ဗင်

၄ခ/ဆီဒင်ဗင်

Ph:563790


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-ဆ/၆၃၉၈ဟီးနိုး၊ ထရပ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး မှတ်ပုံတင်အမှတ်[၁၂/ခရန(နိုင်)၀၀၇၉၇၀]မှယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ၏သား အောင်မျိုးဝင်း [၁၂/တမန (နိုင်) ၀၇၆၈၄၄] သည် မိဘ/မိသားစုများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **ဒေါ်ရီရီရွှေ**
**[၁၂/တမန(နိုင်)၀၇၈၃၅၄]**


ဥတုရာသီ တောကို မှီ၏


## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မနမ(နိုင်)၀၇၇၉၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်** သည် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းသောပိုင်ရှင် ဖြစ်ပါသည်။

**မှတ်ပုံတင်အမှတ်-၄၅၁၈/၀၈**

အဆိုပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၄၅၁၈/၀၈ဖြင့် မှတ်ပုံတင်ထားပြီး ဟုန်ရှင်းစားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သည့် "ငါးအသားလုံး Fish Roll" များကို ထုပ်ပိုးကုန်အဖြစ် ထည့်သွင်းအသုံးပြုမည့် စက္ကူဘူး၊ စက္ကူအိတ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ် စသည်များပေါ်တွင် အထက်ပါ ကုန်အမှတ်တံဆိပ်ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၊ ကပ်နှိပ် သုံးစွဲလျက် မြန်မာပြည်တစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

၎င်းကြေညာချက်ပါ မူပိုင်ကုန်အမှတ်တံဆိပ် အမှတ်အသားကို မည်သူမဆို တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူကူးယူခြင်း မပြုလုပ်ကြရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်း မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို **ဦးကျော်ကျော်** မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ် ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက **ဦးကျော်ကျော်** ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စိန်လှိုင်မြင့် (B.Sc, H.G.P, R.L)**
**တရားရုံးချုပ်ရှေ့နေ(၂၉၉၇)**
**အမှတ်-၅၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကံပြားကြီးကျေးရွာ၊ပေကုန်းရပ် စံပြဝတီကျောင်းတိုက်အုတ်တံတိုင်း တည်ဆောက်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်(၈)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်၊ သမီးမမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)တို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းထိုင်ဆရာတော် ဦးရာဇိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (ဗဂ)

## လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

**VOA လိမ်နေသည်**

**RFA ရန်တိုက်ပေးနေသည်**

☆ **အဲဒီ ကုန်းချော သွေးထိုးသူများ မယုံလေနဲ့ သတိထား**

### ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

| | |
|---|---|
| ရုံးအဖွဲ့မှူး | ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့် |
| ဒုတိယရုံးအဖွဲ့မှူး | ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။ |

### ဧရာဝတီမြစ်ရေနှင့် စစ်တောင်းမြစ်ရေကျဆင်း

နေပြည်တော် ဇူလိုင် ၂၂

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ ယနေ့ နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယနေ့ နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

### ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များ

**ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ နိုင်ငံတော်က ဦးဆောင် စီစဉ်မှုဖြင့် အလှူရှင်များက ဆောက်လုပ် လှူဒါန်းထားသော နေအိမ်များကိုတွေ့ရစဉ်။**

(သတင်းစဉ်)

### လမ်းပန်းခက်ခဲသော လေဘေးသင့်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် ကျန်းမာရေးဦးစီးဌာန ဧရာဝတီတိုင်း ကူးစက်ရောဂါစုံစမ်းရေးအရာရှိ ဒေါက်တာခင်နန်းလှုံ ဦးဆောင်၍ ကဒုံကနိတိုက်နယ်ဆေးရုံမှ ဒေါက်တာအေးနိုင်၊ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာအောင်သူနှင့် ဖျာပုံမြို့နယ်မှ အခြေခံကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ လမ်းပန်းခက်ခဲသော လေဘေးသင့်ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

#### ကွင်းဆင်းဆောင်ရွက်

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဖျာပုံမြို့နယ် ကဒုံကနိတိုက်နယ်မှ လမ်းပန်းခက်ခဲသော ကဒုံဧရာ(၁၊၂) ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါလူနာများနှင့် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးလူနာများ စမ်းသပ်ကုသပေးခြင်း၊ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု မရှိစေရန် ကျေးရွာအတွင်းရှိ နေအိမ်များနှင့် တွဲဖက်အထက်တန်းကျောင်းများရှိ သောက်သုံးရေများကို ပိုးလောက်လမ်း စစ်ဆေးခြင်း၊ ပိုးလောက်လမ်းသတ်ဆေး Abate ခပ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာနေပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

(သတင်းစဉ်)